ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ကဆုန်လဆန်း ၁၃ ရက်၊ စနေနေ့၊ (1-5-2004)(၄၂၂၀)

ယနေ့ထုတ်စောင်ရေ ၁၉၆၂၁၀

အရိယ သစ္စာန ဒဿနံ တေံ မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ
(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၄)
၁၃၆၆ခုနှစ်၊ ကဆုန်လဆန်း ၁၂ရက်
(၂၀၀၄ခုနှစ်၊ ဧပြီလ ၃၀ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

အလုပ်သမားများ၏ ခံစားခွင့်များနှင့် အခွင့်အလမ်းများ ပိုမိုမြင့်မားခိုင်မာရန် အလေးထားမြှင့်တင်နေ

အလုပ်သမားကြီးများအားလုံးက အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် ခိုင်မာစွာရပ်တည်

အမျိုးသားရေးကြိုးပမ်းအားထုတ်မှုများတွင် တစ်မျိုးသားလုံးနှင့် ပါဝင် ကြိုးပမ်းဆောင်ရွက်

အဖျက်သမားများနှင့် တိုင်းတစ်ပါးစွက်ဖက်နှောင့်ယှက်သွေးခွဲသပ်လျှိုမှုကို ကြံ့ကြံ့ခံတွန်းလှန်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၄ ခုနှစ် အလုပ်သမားနေ့ သဝဏ်လွှာ–

လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား–

၂၀၀၄ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်သော အလုပ်သမားနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားအပေါင်း၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် မိမိတို့၏ ကာယအား၊ ဉာဏအားတို့ဖြင့် စိုက်ထုတ်ကြိုးပမ်း စွမ်းဆောင်ပေးလျက်ရှိသော အလုပ်သမားကြီးများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဤသဝဏ်လွှာကို ဂုဏ်ပြုပေးပို့အပ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်သော စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အလုပ်သမားထုကြီးကလည်း ထက်မြက်သော စွမ်းပကားဖြင့် အမျိုးသားရေးတာဝန်ကျေပွန်စွာ တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်လျက်ရှိနေပါသည်။

ဤကဲ့သို့ အလုပ်သမားထုကြီးအပါအဝင် မြန်မာနိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများအားလုံး၏ စည်းလုံးညီညွတ်သော ကြိုးပမ်းစွမ်းဆောင်မှုများကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မှန်ကန်သော အမျိုးသားရေး မူဝါဒများ၊ မွန်မြတ်သန့်စင်သော အမျိုးသားရေး ဦးတည်ချက်များ အကောင်အထည်ပေါ် ဖြစ်ထွန်းလျက် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တည်ငြိမ်အေးချမ်းသာယာပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်မှာ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊စက်မှုအခြေခံသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးနှင့် ယှဉ်တွဲလျက် စက်မှုဖွံ့ဖြိုးသော နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးအတွက် အမျိုးသားရေးဦးတည်ချက်များ ချမှတ်ပြီး နိုင်ငံတော်ကဏ္ဍနှင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းများကဏ္ဍတို့ ဟန်ချက်ညီညီပေါင်းစပ်လျက် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ဝန်ဆောင်မှုကဏ္ဍတွင်လည်း ယနေ့နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသော သတင်းနှင့် ဆက်သွယ်ရေးနည်းပညာအခြေခံသည့် ခေတ်မီဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည့်အခြေခံအဆောက်အအုံများ တည်ဆောက်အားပေးလျက်ရှိပါသည်။

သို့ဖြစ်သည်နှင့်အညီ ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြု အားပေးထောက်ကူမှု၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

ဧပြီ ၃၀ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်း–ကျော်ဖုန်း) (သတင်းစဉ်)

၂၀၀၄ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

P65 1 1/5/04, 1:35 AM

ကြေးမုံ The Mirror

၁-၅-၂၀၀၄
(စနေနေ့)

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်

နယ်မြေဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ကုန်သွယ်စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာပြီး ဒေသအလိုက် စီးပွားရေးများ တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအခြေခံများလည်း အဘက်ဘက်က တိုးတက်မြင့်မားလာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာစေရန် အဝေးပြေးလမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများကို တိုးမြှင့်တည်ဆောက်ဖောက်လုပ်လျက်ရှိသည်။

အလားတူ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်လမ်းများ၊ တံတားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကျေးလက်နှင့် မြို့ပြ ဆက်သွယ်သည့် လမ်းများနှင့် တံတားများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဧပြီလ ၂၉ ရက်နေ့က ပဲခူးတိုင်း ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာရှိ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ယခုဖွင့်လှစ်လိုက်သည့် ဆဒ္ဒန်ရတနာတံတားကြီးမှာ အောက်ခြေကွန်ကရစ်လွန်တူးပိုင်၊ အပေါ်ထည် သံပေါင်အမျိုးအစား တံတားဖြစ်သည်။ တံတားအရှည်မှာ ပေ ၂၀၀ ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၁၂ ပေရှိသည်။

ပြည်လုံးချမ်းသာလမ်းမှာ နိဗ္ဗာန်ကျေးရွာနှင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွလမ်းမကြီးနှင့် ဆက်သွယ်မည့် လေးမိုင်အရှည် ကျေးလက်လမ်းဖြစ်သည်။ သိရီဇေယျာတံတားငယ်များမှာ အဆိုပါလမ်းပေါ်တွင် တည်ဆောက်ထားသော တံတားငယ်များဖြစ်သည်။ နိဗ္ဗာန်ကျေးရွာရှိ ဥယျာဉ်တော်၊ လမ်းနှင့် တံတားများကို နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ပူးပေါင်းပြီး တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပဲခူးတိုင်း ကဝမြို့နယ် ခရီးစဉ်အတွင်း မြို့နယ်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် **နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ ကျေးလက်နေပြည်သူများ လူနေမှုဘဝမြင့်မားရေးတို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ချမှတ်ပြီး လိုအပ်သည့်ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးနေသည်နှင့်အညီ ဒေသနေပြည်သူများနှင့် မြို့နယ်တာဝန်ရှိသူများကိုယ်တိုင်ကလည်း ဝီရိယစိုက်ထုတ်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး** မှာကြားခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် ကျေးလက်ဒေသများ၏ စီးပွားရေးအခြေခံဖြစ်သဖြင့် အဆိုပါလုပ်ငန်းများ တိုးတက်အောင်မြင်စေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အဘက်ဘက်က အားပေးဖြည့်ဆည်းပေးလျက်ရှိချိန်တွင် တောင်သူလယ်သမားများက မိုးစပါး၊ နွေစပါးများသာမက ဒေသနှင့်ကိုက်ညီဖြစ်ထွန်းမည့် သီးနှံများကိုပါ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အပိုင်းက ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ ဒေသအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်စေရေးတို့အတွက် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရွယ်မရောက်သေးသောကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၃၀

အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C. Long အား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လူမှောင်ခိုကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၀၄)အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ အမှာစကားပြောကြားစဉ်။
(ပြည်ထဲရေး)

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၀၄)အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင်လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ဝင်းမြိုင်က မြန်မာနိုင်ငံသည် ကုလသမဂ္ဂနိုင်ငံဖြတ်ကျော် မှုခင်းဆိုင်ရာ ကွန်ဗင်းရှင်းဖွဲ့ဝင် နိုင်ငံဖြစ်လာမှု အခြေအနေနှင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ လိုက်လျောညီထွေဖြစ်စေရန်အလို့ငှာ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းရေးနှင့်ပတ်သက်၍ ဆက်စပ်ဌာနဆိုင်ရာ များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်မှုများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များက လိုအပ်ချက်များကို ဖြည့်စွက်အကြံပြု ဆွေးနွေးကြသည်။ (သတင်းစဉ်)

ဆုတောင်းပြည့် အောင်တော်မူ နဂါးရုံဘုရားကြီး ဌာပနာပိတ်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပေါင်းငူဥာဏရပ်ကွက် ရွှေနန်းသာအုပ်စု နဝင်းကျောင်းတိုက်၌ နဝင်းဆရာတော် အရှင်ခေမာစာရ ဦးစီး၍ ကဆုန်လပြည့်နေ့ နံနက် ၉ နာရီတွင် ကန်တော်မင်္ဂလာကြီးအတွင်း အဓိဋ္ဌာန်ဆုတောင်းပြည့် နဂါးရုံဘုရာကြီး၌ ဌာပနာပိတ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ထုတ်ကုန်နှစ်သ တိုးမြှင့်ကြ

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း လမ်း၊ တံတားလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဧပြီ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရန်ကုန်-ပုသိမ်လမ်းအတိုင်း ထွက်ခွာပြီး ရန်ကုန်-ဆားမလောက်အပိုင်း ပွင့်လင်းရာသီ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆားမလောက်မှ မအူပင်လမ်းအပိုင်း နွေရာသီ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ မအူပင်မှ ကျိုက်လတ်မြို့နယ် မိုင်(၁၆/၄)အထိ ခင်းကျင်းခတ်ဆေးရည် အသုံးပြုပြီး ဆောင်ရွက်နေသည့် လမ်းအပိုင်းနှင့် ကျိုက်လတ်-ဖျာပုံလမ်း ပွင့်လင်းရာသီ ကျောက်ချောခင်းနေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တံတားတည်ဆောက်ရေး အထူးအဖွဲ့(၇)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)



ပထမအကြိမ် အရှေ့တောင်အာရှဒေသ သူနာပြုနှင့် သားဖွားအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၃၀

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီအစဉ်ဖြင့် First Meeting of South-East Asia Regional Multidisciplinary Advisory Group on Nursing and Midwifery အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် Myanmar Ballroom -2 ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။
(အပေါ်ပုံ)

အဆိုပါ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ်၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ သူနာပြုကောင်စီ အထွေထွေအတွင်းရေးမှူး၊ အရှေ့တောင်အာရှနိုင်ငံများ ဖြစ်ကြသော ထိုင်း၊ သီရိလင်္ကာ၊ အိန္ဒိယ၊ အရှေ့တီမော၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ မော်လဒိုက်၊ မြန်မာနှင့် နီပေါ အစရှိသည့် နိုင်ငံတို့မှ သူနာပြုနှင့် သားဖွားဆိုင်ရာ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Stephan P. Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang ၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သူနာပြုနှင့် သားဖွားဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Ms. Jane Salvage နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုကောင်စီ အထွေထွေအတွင်းရေးမှူး Ms. Judith Oulton တို့က သူနာပြုနှင့် သားဖွားဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံ

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့သည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အရှေ့တောင်အာရှနိုင်ငံများမှ သူနာပြုနှင့် သားဖွားဆိုင်ရာ ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

လမြတ်ကဆုန်

ကဆုန်လပြည့်နေ့ကို ဗုဒ္ဓအခါတော်နေ့ဟူသော အထိမ်း အမှတ်ဖြင့် ဗုဒ္ဓဘာသာဝင်အားလုံး ရှိရှိကျိုးကျိုး ကျင်းပကြစမြဲဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကဆုန်လအတွင်းမှာပင်-

၁။ ဗျာဒိတ်တော် ခံယူသောနေ့ဖြစ်ခြင်း၊

၂။ ဘုရားသခင် ဖွားမြင်တော်မူသောနေ့ဖြစ်ခြင်း၊

၃။ ဘုရားဖြစ်တော်မူသော နေ့ဖြစ်ခြင်း၊

၄။ ပရိနိဗ္ဗာန်စံဝင်တော်မူသော နေ့ဖြစ်ခြင်း

စသည်ဖြင့် ကဆုန်လသည် အမှန်ပင်ထူးခြားနေပါသည်။

ကဆုန်ပြိုသ၊ ကောင်းကင်ဝ၊ ထွန်းပဝိသာခါ
စကားပွင့်ဆဲ၊ ညောင်ရေပွဲ၊ သွန်းမြဲအချိန်သာ။
(ကင်းဝန်မင်းကြီး)

ကဆုန်လကို ပျော်စရာလေးများနှင့် ခြယ်မှုန်းကြသလို လွမ်းစရာလေးများနှင့်လည်း စာပေတန်ဆာဆင်ကြပါသေးသည်။

လကဆုန်ညောင်ရေပွဲနှင့်၊
လွဲရှာပေါ့ တစ်ကျွန်းပျော်၊
လွမ်းမိသနော်
တူနှစ်ဖော်၊ ရွှေပြည်တော်စုံတဲ့ကျေးနှင့်၊
ဝေးကွာလို့လေး...တဲ့။

ယုဝတီခင်စိန်လှိုင်

(အမည်မသိစာဆို)

ထိုကဲ့သို့လည်း ရေးစပ်ကြပြန်ပါသည်။

ဩော်-ဖော်ဝေးမစုံ၊ ဆွေးဖို့ကြုံအောင်၊ တစ်ပုံတစ်ခန်း၊
ကဆုန်ဆန်းမို့၊
ယုန်စန်းငွေလ၊ စန္ဒြနှင့်
ပုဏ္ဏားတာရာ၊ ကြယ်ဝိသာလဲ
အာကာမြင့်ခေါင်၊ ကွန့်ရှန်းငယ်ပြောင်သည်
တိမ်မှောင်ခြွေလို့ လင်းတော့တယ်၊
သံဝှန်ငယ်ညောင်းငြိမ့်
စည်မောင်းလှိမ့်လို့
ဝတိန့်ခွန်ဆွတ်၊ နတ်များထွတ်ကို၊ သခွတ်စားငယ်
ပြည်သမီးရင်း၊ လက်စကြွင်းကြောင့်၊ ရန်တင်းငယ်
လှယ်သည်
စစ်ဆွယ်ပြိုင်လို့ ကျင်းတော့တယ်။ ။
(ဦးကြင်ဥ)

ရှေးစာဆိုတော်ကြီးများက ကဆုန်လဘွဲ့ကို အလွမ်း၊ အပျော်၊ အမော်၊ အကြွားကလေးတွေနှင့် စပ်ဟပ်ခြယ်မှုန်းခဲ့ကြပါသည်။

သို့တစေ... သေချာစွာ စဉ်းစားကြည့်လျှင် မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် ကဆုန်လသည် ယဉ်ယဉ်ကျေးကျေး ငြိမ့်ငြိမ့်ညောင်းညောင်းကလေးနှင့် အထူးပျော်စရာကောင်းလှပါသည်။

ဤလကဆုန်ရောက်ပြီဆိုမှဖြင့် မြို့တော်ရန်ကုန်က အစ မြန်မာပြည်၌ ရှိသမျှမြို့ကြီး၊ မြို့ငယ်၊ ရွာကြီး၊ ရွာငယ်မကျန် ကဆုန်ညောင်ရေသွန်းပွဲတော်ကို လေးလေးစားစား မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပကြစမြဲဖြစ်ပါ၏။

မန္တလေး၊ အမရပူရနှင့် စစ်ကိုင်းဘက်တွင် ကွမ်းတောင်ကိုင် အပျိုကလေးများသည် ဖဲ၊ ပိုး၊ ဇာပြင်များကို ဝတ်ဆင်ကြရုံမက ရွှေဘယက်၊ ရွှေခြေချင်းတို့ကို ခြေဖမိုးပေါ်ဝဲအောင် ပွဲလမ်းသဘင်ကြီးများ သွားကြသကဲ့သို့ အလှပြင်လေ့ရှိကြသည်။

ထိုကွမ်းတောင်ကိုင်ကလေးများက မြေအိုးနီနီတွင် ရေအပြည့်ထည့်၍ တန်းစီကာ ညီညာစွာဖြင့် အဓိကရ မဟာဗောဓိညောင်ပင်ကြီးရှိရာသို့ ခြေကျင်သွားရောက်ကြရာ လမ်းတစ်လျှောက်လုံး တစ်မြို့လုံးက ပွဲတော်ကြီးတမျှ ထွက်၍ ကြည့်ရှုလေ့ရှိကြပါသည်။

ပရိသတ်က လက်တတို့တို့၊ လက်ညှိုးတညွှန်ညွှန်နှင့် မည်သူက လှသည်၊ မည်သူကဖြင့် ဆင်လိုက်မှ ပိုချောလာသည်နှင့် ဝေဖန်ချီးကျူးကြလေ့ရှိပါသည်။

ထိုနေ့တွင် လူပျိုလူရွယ်ကလေးများကလည်း ဝတ်ဖြူစင်ကြယ်များ ဆင်မြန်းလာကြ၍ လူကြီးမိဘများ ပီတိဖြာနေကြပါသည်။

အုတ်ပလ္လင်ခံထားသော မဟာဗောဓိပင်ကြီး တစ်ဝိုက်တွင် ရုပ်မိရုပ်ဖများအပါအဝင် ရုပ်ဆွေရုပ်မျိုး မိတ်သင်္ဂဟများ တဝိုင်းတဖွဲ့ကြီးဖြင့် ရေအိုးလေးများ အရန်သင့်ပြင်ကာ ဆိုင်းဗုံမပါ ပင်ကိုဓမ္မထံတျာနှင့် ယဉ်ကျေးစွာ၊ သိမ်မွေ့စွာ ညောင်ရေသွန်းလောင်းလေ့ရှိကြပါသည်။

ညနေဘက်တွင် ပို၍ကြည်နူးစရာကောင်းလှပါသည်။ ကန်ပေါင်ရိုးတွင် လုပျိုဖြူကလေးများက ရေအိုးကိုယ်စီ ပင့်ချီကာ ယောဂီတဘက်သိုင်းလျက်၊ အမျိုးသားများက ပလတ်စတစ်ပုံး ရောင်စုံများဖြင့် ငါးလွှတ်ပွဲကျင်းပကြပြန်သည်။ အိုးစည်သံ၊ ဒိုးပတ်သံ စုံလင်စွာဖြင့် သူငယ်တော်အက၊ ဦးရွှေရိုးအက၊ မှုန်ရွှေရည်အက ကြည့်မဝအောင်ပင် အကမျိုးစုံနေပါတော့သည်။

တစ်လမ်းလုံး၊ တစ်ရွာလုံး ပရိသတ်များ ပျော်ရွှင်ကြည်နူးမဆုံး ရှိနေကြပါတော့သည်။ ။

တွေ့ဆုံဆွေးနွေး

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် ပေးအပ်လျက်ရှိသော ပညာသင်ဆုများနှင့် ပတ်သက်သည့် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အိန္ဒိယ ပညာသင်ဆု ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၃၀

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ Technical Cooperation Scheme of Colombo Plan (TCS), Indian Technical and Economic Cooperation (ITEC) နှင့် General Cultural Scholarship Scheme of Indian Council for Cultural Relation (ICCR) အစီအစဉ်များဖြင့် ပေးအပ်လျက်ရှိသည့် ပညာသင်ဆုများကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ဧပြီ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဝန်ကြီးဌာန ၁၅ ခုမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အခြားတာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံး သံအမတ်ကြီး H. E. Mr. Rajiv Kumar Bhatia နှင့် သံရုံးမှအခြားတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

သုံးထပ်ကျောင်းဆောင်သစ် တိုးချဲ့တည်ဆောက်

ရန်ကုန် ဧပြီ ၃၀

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (သိမ်ချောင်း) အမှတ်(၂၁)ရပ်ကွက် အတွင်းရှိ မင်္ဂလာရာမ ပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ ဓမ္မရူရ ဝိပဿနာရူရ နှစ်ဖြာသောအကျိုးကို ထမ်းဆောင်နိုင်ရန်အတွက် သာသနပါလ သုံးထပ်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်လျက်ရှိသည်။

သို့ပါ၍ သာသနာ့ နွယ်ဝင်ပါရမီရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတကာ သတင်းများ

ဖော်လူဂျာမြို့ကို အမေရိကန်တို့ စစ်ရေးအရ အရေးယူမှု အီရတ်တို့၏ ဆန့်ကျင်မှုများ ပြင်းထန်လာနိုင်ကြောင်း ကိုဖီအာနန် သတိပေး

ကုလသမဂ္ဂ ဧပြီ ၂၉

အမေရိကန်တို့ ဝိုင်းပတ်ပိတ်ဆို့ထားသော ဖော်လူဂျာမြို့ကို စစ်ရေးအရအရေးယူဆောင်ရွက်နေသော လုပ်ရပ်များကြောင့် အမေရိကန်၏ အီရတ်နိုင်ငံ အာဏာလွှဲပြောင်းပေးရေး ကြိုးပမ်းနေမှုများကို အဆုံးသတ်ရန် အခက်အခဲဖြစ်စေနိုင်သည်။ ထို့အပြင် အီရတ်များ၏ ခုခံဆန့်ကျင်မှုများပိုမို ပြင်းထန်လာစေရန် ပြုလုပ်သကဲ့သို့ဖြစ်လာနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က သတိပေးပြောကြားခဲ့သည်။

အမေရိကန်တို့သည် သိမ်းပိုက်ရေးဖြစ်စဉ်များကို တိုး၍ပြုလုပ်လာတိုင်း အရပ်သားပြည်သူများကို ပိုမို၍ ထိခိုက်နစ်နာလာစေပြီး ခုခံဆန့်ကျင်မှုများကိုသာ ပို၍ပို၍ တိုးပွားလာစေမည်ဖြစ်သည်ဟု ကိုဖီအာနန်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသွားသည်။

အမေရိကန်တပ်ဖွဲ့များက ဖော်လူဂျာမြို့တွင် စစ်ဆင်မှုများကို တိုး၍ ပြုလုပ်လာကြသည်။ ထိုစဉ်တွင် အဆိုပါမြို့၏ကော်မတီက ကုလသမဂ္ဂကို ကြားဝင် ဖျန်ဖြေပေးပါရန် မေတ္တာရပ်ခံစာပေးပို့သည်ကို မိမိရရှိခဲ့သည်။ သို့သော် မိမိအနေဖြင့် ကြားဝင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ပါဟု အာနန်က ဆိုသည်။

ဖော်လူဂျာကိစ္စနှင့် စပ်လျဉ်း၍ ပြင်းပြင်းထန်ထန် ထိပ်တိုက်ရင်ဆိုင်ရမည့် အဖြစ်များကို ရှောင်ရှားနိုင်သမျှ ရှောင်ရှားရန် မိမိအနေဖြင့် အမေရိကန် အာဏာပိုင်များကို ပြောကြားထားပြီး ဖြစ်သည်။ ထို့အပြင် သိမ်းပိုက်ရေး အင်အားစုများကသာ စစ်ရေးအရ အပြင်းအထန်ဆောင်ရွက်လာပါက အခြေအနေမှာ ပို၍သာဆိုးရွားလာမည်ဖြစ်ကြောင်း မိမိအနေဖြင့် အသိပေးထားပြီး ဖြစ်သည်ဟုလည်း အာနန်က ဆိုသည်။

ကုလသမဂ္ဂမှ အီရတ်သို့ စေလွှတ်ထားသော အထူးသံတမန် လက်ဒါး ဘရာဟီမီသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အီရတ်နှင့် ပတ်သက်သော အခြေအနေများကို အစီရင်ခံခဲ့သည်။ အကယ်၍သာ ဖော်လူဂျာ၌ ဖြစ်ပေါ်နေသော ပြဿနာကို ငြိမ်းချမ်းသောနည်းအားဖြင့် ဖြေရှင်းနိုင်ခြင်း မရှိပါက ထိုကိစ္စ၏ ဂယက်ဆိုးကျိုးများသည် အရှည်သဖြင့် ခံစားကြရဖွယ်ရာရှိကြောင်း ဘရာဟီမီက တင်ပြခဲ့သည်။

ထို့အပြင် အီရတ်နိုင်ငံ၏ ကြားဖြတ်အစိုးရသစ်သည် အာဏာကို အပြည့်အဝ ကျင့်သုံးနိုင်မည်မဟုတ်ကြောင်း၊ နိုင်ငံနှင့်ပတ်သက်သော အဆုံးအဖြတ်များကို ပေးရာ၌ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ရွေးကောက်ပွဲကာလထက်ကျော်လွန်၍ အဆုံးအဖြတ်ပေးနိုင်မည်မဟုတ်ကြောင်းဖြင့် ဘရာဟီမီက အသိပေးခဲ့သည်။

၎င်းအပြင် အီရတ်နိုင်ငံ၏အာဏာကို ဇွန် ၃၀ ရက်တွင် အမေရိကန် ဦးဆောင်သော သိမ်းပိုက်ရေးတပ်ဖွဲ့များထံမှ လွှဲပြောင်းရယူမည့် အီရတ် ကြားဖြတ် အစိုးရကို မေလအကုန်၌ ဖွဲ့စည်းနိုင်စရာရှိကြောင်း၊ ဖွဲ့စည်းရာ၌လည်း မည်သည့်အဖွဲ့အစည်းဘက်မှ ပါဝင်ခြင်းမရှိသူများနှင့် ရွေးချယ်ဖွဲ့စည်းနိုင်စရာရှိကြောင်းကိုပါ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က အစီရင်ခံခဲ့သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က မိမိအနေဖြင့် အထူးသံတမန် ဘရာဟီမီ၏ ယူဆချက်များသည် မှန်ကန်သည်ဟု ထင်မြင်ကြောင်း၊ အကယ်၍သာ သိမ်းပိုက်ရေး အင်အားစုများက ဌာနေအရပ်သားများအပေါ် စစ်ရေးအရ အပြင်းအထန် အရေးယူလုပ်ဆောင်ခဲ့လျှင် အခြေအနေမှာ ဆိုးရွားသွားနိုင်သည်ဟု ယူဆကြောင်းကိုပါ အာနန်က ပြောကြားခဲ့သည်။***အမ်အင်အေ၊ရိုက်တာ။***

ဧပြီ ၂၈ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့အနီးရှိ စစ်စခန်းတွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အရေးတွင် ကုလသမဂ္ဂ ပိုမိုပါဝင်ဆောင်ရွက်ရေး အမေရိကန်သမ္မတကို ဆွီဒင်ဝန်ကြီးချုပ်တွန်းအားပေးလျက်ရှိ

ကုလသမဂ္ဂ ဧပြီ ၂၉

အီရတ်နိုင်ငံအရေးကိစ္စတွင် ကုလသမဂ္ဂ ပိုမိုပါဝင်ဆောင်ရွက်ရေးအတွက် အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်အား တွန်းအားပေးရန် စီစဉ်လျက်ရှိကြောင်းဖြင့် ဆွီဒင်ဝန်ကြီးချုပ်ဂိုရန်ပါဆင်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ သဘောတူညီမှုရယူခြင်းမရှိဘဲ အမေရိကန်ပြည်ထောင်စုက ဦးဆောင်၍ အီရတ်နိုင်ငံအားဝင်ရောက်ခဲ့မှုကို ဆွီဒင်နိုင်ငံက ဆန့်ကျင်ခဲ့သည်။ ကုလသမဂ္ဂ ထောက်ခံမှုမရရှိဘဲ အီရတ်စစ်ပွဲ အဆုံးသတ်ရေးသည် ဖြစ်နိုင်ဖွယ်မရှိကြောင်း မိမိယုံကြည်ထားသည်ဟု ပါဆင်က ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ဆွီဒင်နိုင်ငံသည် အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များပို့မည့် အစီအစဉ်မရှိကြောင်း၊ သို့ရာတွင် လူလူချင်းစာနာထောက်ထားရေးဆိုင်ရာ အကူအညီ ဆက်လက်ပံ့ပိုးမည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် နယူးယောက်တွင် တွေ့ဆုံဆွေးနွေးပြီးနောက် ၎င်းက ပြောကြားခဲ့သည်။

အီရတ်ပဋိပက္ခ ဖြေရှင်းရေးအတွက် ဘက်ပေါင်းစုံမှ ပါဝင်နိုင်မည့် အလားအလာနှင့် ပတ်သက်၍ သမ္မတ ဂျော့ဂျ်ဘုရှ်က မည်သို့မည်ပုံ စဉ်းစားမည်ဆိုသည့် သဘောထားကို မိမိကြားသိရသောအခါ အလွန်အမင်းစိတ်ဝင်စားမှုရှိကြောင်း ပါဆင်က ပြောကြားသည်။

အီရတ်စစ်ပွဲမဖြစ်ပွားမီက ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ထောက်ခံမှုရရှိခဲ့ပါက မဟာအခွင့်အလမ်းဖြစ်ခဲ့မည်ဟု မိမိ ထင်မြင်ယူဆကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံဆိုင်ရာ မူဝါဒများအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းထံမှ ပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ခံမှုရရှိလိုပါက အမေရိကန်အစိုးရအနေဖြင့် ကုလသမဂ္ဂ၏ ဖွဲ့စည်းတည်ဆောက်ပုံကို လေးစားသင့်ပြီး ကုလသမဂ္ဂအား လက်ရှိလုပ်ငန်းတာဝန်များနှင့် အချိုးညီမည့် အခန်းကဏ္ဍကို အပ်နှင်းကာ သင့်တင့်လျောက်ပတ်သော လုံခြုံရေးဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း ပါဆင်က ပြောကြားသည်။

ဖြည့်ဆည်း

ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲများကျင်းပရန် အလားအလာကောင်းများ ဖော်ဆောင်ပေးမှုနှင့်အတူ အီရတ် ယာယီအစိုးရအဖွဲ့သစ်အတွက် ဖြည့်ဆည်းနိုင်သမျှ ဖြည့်ဆည်းရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အမေရိကန် စစ်စခန်းအနီးတွင် ဒဏ်ရာရရှိသည့် အီရတ်ကလေးငယ်တစ်ဦး၏ ရုပ်ပုံလွှာကို ကိုင်ဆောင်လျက် စစ်ဆန့်ကျင်ရေးဆန္ဒပြနေသူတစ်ဦးကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၄ ရက်၌ လကြတ်သည်ကို

အနောက်အာရှနှင့် အရှေ့အာဖရိကမှ ကောင်းစွာမြင်ရမည်

နယူးဒေလီ ဧပြီ ၂၉

မေ ၄ ရက် ညဉ့်သန်းခေါင်ကျော်အချိန်တွင် ၇၆ မိနစ်ကြာမျှ လကြတ်မည်ဖြစ်သည်ဟု နက္ခတ္တဗေဒပညာရှင်များက ဆိုသည်။ လကြတ်ချိန်ကို ကမ္ဘာ့အရှေ့ခြမ်းတွင်နေထိုင်ကြသူများ မြင်တွေ့ကြရမည်ဖြစ်ပြီး မြောက်အမေရိကဘက်ကမူ မြင်တွေ့ကြရမည်မဟုတ်ကြောင်း သိရသည်။ ယခုဖြစ်ပေါ်မည့် လကြတ်သည့်အဖြစ်အပျက်သည် ၁၂ လတာ အချိန်ကာလအတွင်း တတိယအကြိမ် လကြတ်ခြင်းဖြစ်သည်။ ပထမအကြိမ် လကြတ်သည်ကို ၂၀၀၃ ခုနှစ် မေ ၁၅ ရက်နှင့် ၁၆ ရက်များအတွင်းက မြင်တွေ့ခဲ့ကြရပြီး ဒုတိယအကြိမ် လကြတ်ခြင်းကို နိုဝင်ဘာ ၈ ရက်က မြင်တွေ့ခဲ့ကြရပြီးဖြစ်သည်။

မေ ၄ ရက် အင်္ဂါနေ့ည အိန္ဒိယစံတော်ချိန် ၂၃ နာရီ ၂၁ မိနစ်အချိန်တွင် လစတင်ကြတ်မည်ဖြစ်ပြီး နောက်တစ်ရက် ဗုဒ္ဓဟူးနေ့ နံနက် ၄ နာရီခွဲ အချိန်တွင် လကြတ်ခြင်းပြီးဆုံးမည်ဟု ခန့်မှန်းထားသည်။ လကြတ်ပြီး လလုံးဝကွယ်နေမည့်အချိန်မှာ ၇၆ မိနစ်တိုင်တိုင် ကြာမြင့်မည်ဖြစ်သည်ဟု ဆိုသည်။ အနောက်အာရှ အိန္ဒိယသမုဒ္ဒရာဒေသနှင့် အရှေ့အာဖရိကဒေသများသည် လကြတ်သည်ကို ကောင်းစွာမြင်တွေ့ကြရမည့်အရပ်များ ဖြစ်ကြောင်း ပညာရှင်များက ဟောကိန်းထုတ်ကြသည်။ ယခုတစ်ကြိမ် လကြတ်ပြီးလျှင် စတုတ္ထအကြိမ် လကြတ်ခြင်းကို လာမည့်အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖြစ်ပေါ်မည်ဖြစ်ပြီး အမေရိက၊ အနောက်ဥရောပနှင့် အာဖရိကတို့မှ ကောင်းစွာမြင်တွေ့ကြရမည်ဟုဆိုသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်သုံးဦး အီရတ်တွင်သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၉

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်သုံးဦး ဗုဒ္ဓဟူးနေ့တွင် သေဆုံးသွားကြသည်ဟု အမေရိကန် စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်မတ်ကင်းမစ်က ပြောကြားသည်။ တစ်ဦးမှာ တိုက်ပွဲတွင်သေဆုံးခဲ့ခြင်းဖြစ်ပြီး နှစ်ဦးမှာ ယခင်တိုက်ခိုက်မှုအတွင်းရရှိခဲ့သော ဒဏ်ရာများကြောင့် သေဆုံးကြရခြင်းဖြစ်သည်။

တပ်ဖွဲ့ဝင်တစ်ဦးမှာ ဘဂ္ဂဒက်မြို့တောင်ဘက် ဆင်္ဂါရာဒေသတွင် သေဆုံးရခြင်းဖြစ်ပြီး အခြားတစ်ဦးမှာ ဒဏ်ရာကြောင့် သေဆုံးသွားခြင်းဖြစ်သည်ဟု ကင်းမစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တတိယတပ်ဖွဲ့ဝင်မှာ စောစောပိုင်းက ရရှိခဲ့သောဒဏ်ရာဖြင့် အီရတ်နိုင်ငံ မြောက်ပိုင်း၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်းသာပြောကြားပြီး ထိုတပ်ဖွဲ့ဝင်များမှာ မည်သည့်နိုင်ငံသားများဖြစ်သည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိဟုဆိုသည်။

ယူကရိန်းတပ်ဖွဲ့ဝင်များ ကင်းလှည့်နေကြစဉ် အီရတ်နိုင်ငံ ကယ်ကွတ်မြို့အနီးတွင် ပြောက်ကျားများ၏ တိုက်ခိုက်မှုကို ခံကြရသည့်အတွက် တစ်ဦးသေဆုံးသွားပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြကြောင်း ယူကရိန်း ကာကွယ်ရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ပြောကြားသည်။ ထိုယူကရိန်းတပ်ဖွဲ့ဝင်များသည် ကယ်ကွတ်မြို့၏ တောင်ဘက်မိုင် ၄၀ ခန့် ကွာဝေးသောနေရာတွင် စက်သေနတ်ကြီးများ လက်ပစ်ဗုံးများဖြင့် အတိုက်ခိုက်ခံရခြင်းဖြစ်ပြီး နောက်ပိုင်းတွင် အမေရိကန် ရဟတ်ယာဉ်နှစ်စင်း အကူအညီဖြင့် ဆုတ်ခွာလာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အရေး အမေရိကန်ကို ထောက်ခံမှု တိုနီဘလဲ ပါလီမန်၌ ဝေဖန်ပြစ်တင်ခံရ

လန်ဒန် ဧပြီ ၂၉

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲမှာ အီရတ်တွင် အမေရိကန်က ချမှတ်သည့် နည်းဗျူဟာများကို ထောက်ခံမှုနှင့် စပ်လျဉ်း၍ အတိုက်အခံပါတီများက မေးခွန်းများထုတ်လာသည့်အတွက် ဗြိတိန်ပါလီမန်၌ ဗုဒ္ဓဟူးနေ့က အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်ဟု သိရသည်။

ဧပြီ ၂၈ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း ရှာဖွေစဉ် ကြောက်ရွံ့နေသည့် အီရတ် ကလေးငယ်နှင့် မိခင်ဖြစ်သူတို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယင်းအချိန်မတိုင်မီ နာရီပိုင်းအတွင်း၌ အီရတ်ခုခံရေးပြောက်ကျားတို့၏ ခံတပ်ဖြစ်သည့် ဖော်လူဂျာမြို့ အချို့နေရာများကို အမေရိကန်စစ်တပ်က လေကြောင်း တိုက်ခိုက်မှုများဆင်နွှဲခဲ့သည်ဟု သိရသည်။

ထောက်ပြ ဝေဖန်

ဗြိတိန်အောက်လွှတ်တော်၌ဝန်ကြီးချုပ်နှင့် အမေးအဖြေခန်းတွင် အတိုက်အခံကွန်ဆာဗေးတစ်အမတ် ပီတာတက်ဆဲက အီရတ်နိုင်ငံ ဖော်လူဂျာမြို့ကို အမေရိကန်တို့က လေကြောင်းမှ တိုက်ခိုက်ခြင်းသည် အမျိုးသမီးနှင့် ကလေးသူငယ်များကို ရာနှင့်ချီ၍ သတ်ဖြတ်ခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများကို ဖြတ်တောက်ပစ်ရာ ရောက်ကြောင်းဖြင့် ထောက်ပြဝေဖန်လိုက်သည်။

မေးခွန်းထုတ်

အမေရိကန်ကန်ထရိုက်တာ လေးဦးကို အီရတ်တို့က သတ်ဖြတ်လိုက်မှုအတွက် သင့်လျော်သော တုံ့ပြန်မှုတစ်ရပ်အဖြစ် ရာနှင့်ချီရှိသော အမျိုးသမီးများနှင့် ကလေးသူငယ်များအား သတ်ဖြတ်ခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများကို ဖြတ်တောက်ပစ်လိုက်ခြင်းကို ဝန်ကြီးချုပ်အနေဖြင့် ထောက်ခံပါသလောဟူ၍ပီတာတက်ဆဲက မေးခွန်းထုတ်လိုက်သည်။

မြို့တွင်းရှိ အကြမ်းဖက်သမားများနှင့် အီရတ်အစိုးရဟောင်းကို သစ္စာခံသူများအား နှိမ်နင်းရန် အမေရိကန်တပ်ဖွဲ့ဝင်များတွင် အခွင့်အရေး ရှိကြောင်း ဝန်ကြီးချုပ် တိုနီဘလဲက ပြောကြားကာ အမေရိကန်၏ နည်းဗျူဟာများကို ကာကွယ်ပြောဆိုသည်။

အမေရိကန်အနေဖြင့် အီရတ်တွင် အကြမ်းဖက်မှုကို ကိုင်တွယ်ရန် အင်အားအလွန်အကျွံမသုံးဘဲ အခြားနည်းလမ်းကိုရှာကြံရေး ဝန်ကြီးချုပ်က မည်သည့်အတွက် ဩဇာ မသုံးစွဲနိုင်သနည်းဟူ၍ အတိုက်အခံလစ်ဘရယ်ဒီမိုကရက်တစ် ခေါင်းဆောင်ချားလ်ကနေဒီက ဝန်ကြီးချုပ် တိုနီဘလဲအား မေးခွန်းထုတ်လိုက်သည်။

ဝေဖန်ခံရ

စောစောပိုင်းကလည်း အမေရိကန်နိုင်ငံ၏ အရှေ့အလယ်ပိုင်း ဆိုင်ရာမူဝါဒကို ဝန်ကြီးချုပ်က ထောက်ခံမှုနှင့် စပ်လျဉ်း၍ သံတမန်ဟောင်း ၅၂ ဦးတို့၏ဝေဖန်မှုကို ဝန်ကြီးချုပ် တိုနီဘလဲ ခံရသေးသည်ဟု ဆင်ဟွာက ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ယူကရိန်းတပ်ဖွဲ့ဝင်နှစ်ဦး အီရတ်၌သေဆုံး

ကိဗ်ယက် ဧပြီ ၂၉

ယူကရိန်းတပ်ဖွဲ့ဝင်များအား အီရတ်မှ ရုပ်သိမ်းရေးစဉ်းစားရန် အတိုက်အခံပါတီများက ဆက်လက်တိုက်တွန်းနေစဉ် ယူကရိန်းတပ်ဖွဲ့ဝင် နှစ်ဦး ဗုဒ္ဓဟူးနေ့က အီရတ်၌ သေဆုံးသွားသည်။

ကွတ်မြို့အနောက်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာတွင် ယူကရိန်းတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်တန်းကို ဒုံးပစ်လောင်ချာနှင့် စက်သေနတ်တို့ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရပြီးနောက် ယူကရိန်းတပ်ဖွဲ့ဝင်တစ်ဦး အခင်းဖြစ်ရာ နေရာ၌သေဆုံးပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦးမှာ ဆေးရုံအရောက်တွင် သေဆုံးသွားကြောင်း ယူကရိန်း ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

နောက်တပ်ဖွဲ့ဝင်တစ်ဦးမှာ ဒဏ်ရာရသွားသော်လည်း မစိုးရိမ်ရဟုကြေညာသည်။ ***အင်တာနက်။***

အီရတ်မှ ဘူဂေးရီးယားတပ်ဖွဲ့ဝင်များ ဌာနေပြန်ရန်တောင်းဆို

ဆိုဖီယာ ဧပြီ ၂၉

အီရတ်နိုင်ငံတောင်ပိုင်းရှိ ကာဘာလာမြို့တွင် အင်အား ၄၅၀ ရှိ ဘူဂေးရီးယားခြေလျင်တပ်ဖွဲ့ကို ချထားသည်။ ထိုတပ်ဖွဲ့ကို အီရတ် ခုခံရေးသမားများက အကြိမ်ကြိမ် တိုက်ခိုက်ခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် ဘူဂေးရီးယား တပ်ဖွဲ့ဝင် ၂၀မှ ၂၅ ဦးတို့က ဌာနေသို့ ပြန်ခွင့်ပြုရန် တောင်းခံခဲ့ကြကြောင်း ဘူဂေးရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ဧပြီလဆန်းက ဘူဂေးရီးယား တပ်ဖွဲ့ဝင်များသည် နေအိမ်ပြန်ခွင့်ပြုရန် တောင်းခံခဲ့ကြသည်။ ယခုအခါ နောက်ထပ် တပ်ဖွဲ့ဝင် ၁၀ဦးမှ ၁၅ ဦးတို့သည် အိမ်ပြန်ခွင့်ပြုရန် ထပ်မံတောင်းခံလာကြသည်ဟု စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ရူမီယားနားစရူဂါရိုဗာက ပြောကြားသည်။

အချို့သော အိမ်ပြန်ခွင့်ပြုရန် တောင်းခံချက်များသည် တရားဝင်လက်ခံရရှိခြင်း မရှိသေးပေ။ သို့ဖြစ်၍ ဌာနေပြန်ခွင့် တောင်းသူများ၏ အမည်စာရင်း အတိအကျကို စရူဂါရိုဗာက ထုတ်ဖော်ပြောကြားခြင်း မပြုဘဲထားသည်။

သို့သော် သူမက ထိုစာရင်းတွင် စိတ်ဖိစီးမှုဝေဒနာ ခံစားရ၍ ဘူဂေးရီးယား မြို့တော်ဆိုဖီယာသို့ ပြန်ရောက်လာကြသူ တပ်ဖွဲ့ဝင်ရှစ်ဦး၏ အမည်စာရင်းများမပါရှိသေးဟု ဆိုသည်။

တပ်ဖွဲ့ဝင်ရှစ်ဦးမှာ ဌာနေသို့ ပြန်ရောက်နေကြပြီဖြစ်သည်။ ယခုအခါ နောက်ထပ်တပ်ဖွဲ့ဝင် ၂၀ မှ ၂၅ ဦးခန့်တို့သည် ဌာနေသို့ ပြန်ခွင့်ပြုရန် တောင်းခံလျက်ရှိကြသည်ဟု စရူဂါရိုဗာကပြောကြားသည်။

တိုးမြှင့်တိုက်ခိုက်

ယခုလစောစောပိုင်းတွင် အီရတ်ခေါင်းဆောင် မိုတာဒါဆာဒါးဦးစီးသော ရှီးယိုက် ခုခံရေးသမားများသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များကို တိုးမြှင့်တိုက်ခိုက်လျက်ရှိကြသည်။ ဘူဂေးရီးယားတပ်ဖွဲ့ဝင်များမှာ စက်သေနတ်များ၊ လောင်ချာများနှင့် စိန်ပြောင်းများဖြင့် အကြိမ်ကြိမ် အတိုက်ခိုက်ခံနေကြရသည်။

ထို့အခြေအနေများကြောင့် ဘူဂေးရီးယားတပ်ဖွဲ့၏ လုံခြုံရေးအခြေအနေနှင့်ပတ်သက်၍ မိခင်နိုင်ငံတွင် အကြိတ်အနယ်ဆွေးနွေးလျက်ရှိကြသည်။ အီရတ်တွင် သေဆုံးရသော ဘူဂေးရီးယားတပ်ဖွဲ့ဝင်များ၏ အရေအတွက်မှာ ပြီးခဲ့သော သီတင်းပတ်က ခြောက်ယောက်အထိတိုးမြှင့်လာခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၂၇ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်နှင့် ဒီဝါနီယာမြို့တို့ရှိ အခြေစိုက်စခန်းများမှ နေရပ်ပြန်ရန် ကူဝိတ်နယ်စပ်သို့ ထွက်ခွာလာသည့် စပိန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်အား ၁၄၀၀ရှိ စပိန်တပ်ဖွဲ့ အီရတ်မှ ရုပ်သိမ်းပြီးစီးပြီ

မဒရစ် ဧပြီ ၂၉

အမေရိကန် ဦးဆောင်သော အီရတ်သိမ်းပိုက်မှုတွင် ပါဝင်သည့် နောက်ဆုံး စပိန်တပ်ဖွဲ့အုပ်စုတစ်စုသည် ကူဝိတ်နိုင်ငံမှတစ်ဆင့် စပိန်နိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်ဟု စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တပ်ဖွဲ့ဝင်အင်အား ၁၄၀၀ရှိ စပိန်တပ်ဖွဲ့မှ နောက်ဆုံး စပိန်တပ်ဖွဲ့ဝင် ၂၆၀သည် အီရတ်နိုင်ငံ အလယ်ပိုင်း နာဂျက်ဖ်နှင့် ဒီဝါနီယာမြို့ကြီးများတွင် တပ်စွဲထားသော စပိန်ဦးဆောင်သည့် တပ်ဖွဲ့၏ အစိတ်အပိုင်းဖြစ်သည်။ ကြာသပတေးနေ့တွင် ဝန်ကြီးချုပ် ဇာပါတီရိုနှင့် ကာကွယ်ရေးဝန်ကြီး ဂျို့စ်ဘိုနိုတို့သည် အီရတ်၌ စပိန်တပ်ဖွဲ့ဝင်များ လုပ်ငန်းအဆုံးသတ်မှု အခမ်းအနားကို တက်ရောက်ကြသည်။ အဆိုပါ အခမ်းအနားကို စပိန်နိုင်ငံ အနောက်တောင်ဘက်တာလာဗီယာရီရဲရှိ ဘိုတိုဝါလေတပ်အခြေစိုက်စခန်း၌ ကျင်းပကြောင်း ဇာပါတီရိုရုံး အဖွဲ့က ပြောကြားသည်။

ပြောဆို

ထိုတပ်စခန်း၌ တပ်ဖွဲ့ဝင်များ ပြန်ရောက်သည့် အခမ်းအနားသို့ တပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့် တပ်မှူးဗိုလ်ချုပ်ကြီး ဖူဂင်ဆီယိုတို့တက်ရောက်ကြောင်းကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂွန်ဇာလိုဒီစီယာက ပြောဆိုသည်။

စေလွှတ်

လွန်ခဲ့သည့်နှစ် ဩဂုတ်လက အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ပြီးကတည်းက အီရတ်တွင် စပိန်တပ်ဖွဲ့ဝင် ၁၁ ဦး သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၂၁ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် ဒဏ်ရာရရှိသူ အီရတ်တစ်ဦးကို ကယ်ဆယ်ရေးလုပ်သားများက သယ်ဆောင်လာစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မေ ၂၆ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့မြောက်ပိုင်းတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူ အီရတ်တစ်ဦးကို ဆေးဝါးကုသပေးရန် ခေါ်ဆောင်လာစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မေ ၂၄ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးဒေသတွင် အီရတ်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားမှုကြောင့် ပျက်စီးခဲ့ရသော ကားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၂၇ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် တိုက်ပွဲဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ပျက်စီးခဲ့ရသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ် မြင်ကွင်း

မေ ၂၇ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခဲ့ကြရာ၌ အမေရိကန်တပ်ဖွဲ့က ပစ်ခတ်သည့် စိန်ပြောင်းကျည် ထိမှန်ခဲ့သည့် နေအိမ်တစ်လုံးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မေ ၂၆ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ခါဒရာရပ်ကွက်ရှိ စစ်ပြေးဒုက္ခသည်စခန်း၌ အီရတ်ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၄၀၀ ထုတ်ယူရရှိမည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းမှ ကွန်ကရစ်တမံပိတ်မည့် ရွှေလီမြစ်ကျဉ်းနေရာကို တွေ့ရစဉ်။

ချင်းတွင်းတံတား(မုံရွာ)

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး အတွက် နိုင်ငံတော်က တည်ဆောက်ခဲ့သည့် တံတားကြီးများအနက် စစ်ကိုင်းတိုင်း မုံရွာမြို့ အနီး မုံရွာ–ကလေးလမ်းပေါ်ရှိ ၄၇၃၀ ဒသမ ၂ ပေရှည် ချင်းတွင်းတံတား(မုံရွာ)ကို တွေ့ရစဉ်။

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေး နှင့် မွေးမြူရေးဇုန် ရေရရှိရေးအတွက် အကောင်အထည်ဖော် တည်ဆောက်ခဲ့ သည့် ကလီထော်ရေလှောင်တမံကို တွေ့ရစဉ်။



ရေးမြစ်ကူးတံတားကြီး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တည်ဆောက်ပြီး ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၆ရက်က ဖွင့်လှစ်ခဲ့သည့် ရထားနှင့်ကား နှစ်မျိုးစလုံးသွားလာနိုင်သော မွန်ပြည်နယ်ရှိ ရေးမြစ်ကူးတံတားကြီးကို တွေ့ရစဉ်။

လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ကချင်ပြည်နယ် မိုးညှင်းမြို့တွင် တည်ဆောက်ပြီး ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်က ဖွင့်လှစ်ခဲ့သည့် အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း)ကို တွေ့ရစဉ်။

အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေထုတ်ပြန်

❍ ရှေ့ဖုံးမှ

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **သတင်းအချက်အလက်** (Information) ဆိုရာတွင် အချက်အလက် (Data)၊ မူရင်းစာ (Text)၊ ပုံရိပ်သင်္ကေတ (Image)၊ အသံ၊ သင်္ကေတ (Code)၊ ကွန်ပျူတာ ပရိုဂရမ်၊ ဆော့ဖ်ဝဲ (Software)နှင့် အချက်အလက်အစုအဝေး (Data base) တို့ပါဝင်သည်။

(ခ) **အီလက်ထရောနစ်မှတ်တမ်း** (Electronic record) ဆိုသည်မှာ သတင်းအချက်အလက် စနစ်တစ်ခုတွင်သော်လည်းကောင်း၊ သတင်းအချက်အလက်စနစ်တစ်ခုမှ အခြားစနစ်တစ်ခုသို့ ပေးပို့ရေးအတွက်သော်လည်းကောင်း၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ သံလိုက်ဓာတ်ဖြင့်ဖြစ်စေ၊ အလင်းတန်းဖြတ်သန်းခြင်းနည်း (Optical means) ဖြင့်ဖြစ်စေ၊ အလားတူ အခြားနည်းပညာ တစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ သတင်းအချက်အလက်တစ်ခုခုကို ဖြစ်ပေါ်စေသော၊ ပေးပို့သော၊ လက်ခံရယူသော သို့မဟုတ် သိုမှီးထိန်းသိမ်းသော အထောက်အထားမှတ်တမ်းကို ဆိုသည်။

(ဂ) **အီလက်ထရောနစ်အချက်အလက်သတင်းလွှာ** (Electronic Data message) ဆိုသည်မှာ အီလက်ထရောနစ်အချက်အလက် အပြန်အလှန်ပို့ဆောင်သည့် အီးဒီအိုင်စနစ် (Electronic data interchange)၊ ဖက်စ်၊ အီးမေးလ်၊ ကြေးနန်း၊ တဲလက်စ်နှင့် တယ်လီကော်ပီတို့ အပါအဝင် အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ အလင်းတန်းဖြတ်သန်းခြင်းနည်းဖြင့်ဖြစ်စေ၊ အလားတူ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖြစ်ပေါ်စေသော၊ ပေးပို့သော၊ လက်ခံရယူသော သို့မဟုတ် သိုမှီးထိန်းသိမ်းသော သတင်းအချက်အလက်ကိုဆိုသည်။

(ဃ) **ကွန်ပျူတာ**ဆိုသည်မှာ သတင်းအချက်အလက်နှင့် မှတ်တမ်းများရယူခြင်း၊ ထားရှိခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ပေးပို့ခြင်း၊သိုမှီးထိန်းသိမ်းခြင်း၊ လုပ်ငန်းစဉ်အလိုက်ဆောင်ရွက်ခြင်းနှင့် လိုအပ်သောအချိန်၌ ပြန်လည်ဖော်ထုတ်၍ အသုံးပြုခြင်းတို့ကိုလည်းကောင်း၊ သင်္ချာဆိုင်ရာနှင့် ယုတ္တိဗေဒဆိုင်ရာ နည်းလမ်းများ အသုံးပြုဆောင်ရွက်ခြင်းကို လည်းကောင်း၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ သံလိုက်ဓာတ်ဖြင့်ဖြစ်စေ၊ အလင်းတန်းဖြတ်သန်းခြင်းနည်းဖြင့်ဖြစ်စေ၊ အလားတူ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည့် ပစ္စည်းကိရိယာကိုဆိုသည်။

(င) **ကွန်ပျူတာကွန်ရက်** (Computer network) ဆိုသည်မှာ ဂြိုဟ်တုမှတစ်ဆင့်ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်မှ တစ်ဆင့်ဖြစ်စေ၊ ကွန်ပျူတာအချင်းချင်း ချိတ်ဆက်အသုံးပြုသော ကွန်ရက်စနစ်ကိုဆိုသည်။

(စ) **အီလက်ထရောနစ်ထိုးမြဲလက်မှတ်** (Electronic signature) ဆိုသည်မှာ အီလက်ထရောနစ် မှတ်တမ်း၏ ပင်ရင်းစစ်မှန်ကြောင်းနှင့် ပြင်ဆင်မှု သို့မဟုတ် အစားထိုးမှုမရှိကြောင်းတို့ကို အတည်ပြုရန် အီလက်ထရောနစ်နည်းပညာဖြင့်ဖြစ်စေ၊ အလားတူ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားစီစဉ်ထားသည့် သင်္ကေတ သို့မဟုတ် အမှတ်အသားကိုဆိုသည်။

(ဆ) **သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ** (Certification authority) ဆိုသည်မှာ အီလက်ထရောနစ် ထိုးမြဲလက်မှတ်နှင့် စပ်လျဉ်း၍ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်ရန် ကြီးကြပ်မှုအဖွဲ့က ဤဥပဒေအရ ထုတ်ပေးသည့်လိုင်စင်ကို ရရှိသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဇ) **သက်သေခံလက်မှတ်** (Certificate) ဆိုသည်မှာ လက်မှတ်ရေးထိုးသူနှင့် ထိုးမြဲလက်မှတ် ဖန်တီးသော အချက်အလက်တို့၏ ဆက်နွှယ်မှုကို သေချာစေသည့် အီလက်ထရောနစ်အချက်အလက်သတင်းလွှာ သို့မဟုတ် အခြားမှတ်တမ်းအဖြစ် သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူက ငှားရမ်းသုံးစွဲသူ (Subscriber)အား ထုတ်ပေးသည့်လက်မှတ်ကိုဆိုသည်။

(ဈ) **မူလဆောင်ရွက်ပေးပို့သူ** (Originator) ဆိုသည်မှာ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်အချက်အလက်သတင်းလွှာကို ဖန်တီးရန်ဖြစ်စေ၊ စတင်ဆောင်ရွက်ရန်ဖြစ်စေ၊ ပေးပို့ရန်ဖြစ်စေ၊ ဆောင်ရွက်သူ သို့မဟုတ် ထိုသူ၏ ကိုယ်စားလှယ်ကိုဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်အချက်အလက်သတင်းလွှာနှင့် စပ်လျဉ်း၍ အခြားသူတစ်ဦးတစ်ယောက်အတွက် ဆောင်ရွက်ပေးသည့်ကြားခံဆောင်ရွက်သူ မပါဝင်။

(ည) **လက်ခံသူ** (Addressee) ဆိုသည်မှာ မူလဆောင်ရွက်ပေးပို့သူက ပေးပို့သည့် အီလက်ထရောနစ် မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်အချက်အလက် သတင်းလွှာကို လက်ခံရရှိစေရန် ရည်ရွယ်သည့် ပုဂ္ဂိုလ်ကိုဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်အချက်အလက် သတင်းလွှာနှင့်စပ်လျဉ်း၍ အခြားသူတစ်ဦးတစ်ယောက်အတွက် ဆောင်ရွက်ပေးသည့် ကြားခံဆောင်ရွက်သူမပါဝင်။

(ဋ) **ငှားရမ်းသုံးစွဲသူ**ဆိုသည်မှာ သက်သေခံလက်မှတ်တွင် နည်းပညာတစ်ရပ်ရပ်အရ အမည်ဖော်ပြထားသော အီလက်ထရောနစ်ထိုးမြဲလက်မှတ် ရေးထိုးသူအမှန်ဖြစ်ကြောင်း သတ်မှတ်ခြင်းခံရသည့်ပုဂ္ဂိုလ်ကိုဆိုသည်။

(ဌ) **ဗဟိုအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဗဟိုအဖွဲ့ကိုဆိုသည်။

(ဍ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနကိုဆိုသည်။

(ဎ) **ကြီးကြပ်မှုအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ကြီးကြပ်မှုအဖွဲ့ကို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည်–

(က) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာဖြင့် အထောက်အကူပြုနိုင်ရန်၊

(ခ) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊လူမှုရေးနှင့် ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်၊

(ဂ) ကွန်ပျူတာကွန်ရက်ကို အသုံးပြု၍ ပြည်တွင်းပြည်ပဆက်သွယ်ဆောင်ရွက်သည့် ကိစ္စများတွင် အီလက်ထရောနစ်မှတ်တမ်းနှင့် အီလက်ထရောနစ် အချက်အလက်သတင်းလွှာများ၏ စစ်မှန်မှုနှင့် ယုံကြည်စိတ်ချရမှုကို အသိအမှတ်ပြုပြီး ဥပဒေအရ အကာအကွယ်ပေးနိုင်ရန်၊

(ဃ) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာကို အသုံးပြု၍ ပြည်တွင်း ပြည်ပ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးပို့ခြင်း၊ လက်ခံဖမ်းယူခြင်းနှင့် သိုမှီးထိန်းသိမ်းခြင်းတို့ ပြုလုပ်နိုင်ရန်၊

(င) ကွန်ပျူတာကွန်ရက်ကို အသုံးပြု၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်းပြည်ပအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များ ထိရောက်လျင်မြန်စွာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန်။

အခန်း(၃)

သက်ဆိုင်ခြင်း

၄။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပြည်တွင်းပြည်ပဆက်ဆံမှု၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်မှု၊ စီစဉ်မှု၊ သဘောတူညီမှု၊ ပဋိညာဉ်ချုပ်ဆိုမှု၊ သတင်းအချက်အလက်ဖလှယ်မှုနှင့် သိုမှီးထိန်းသိမ်းမှုများအပါအဝင် စီးပွားရေးနှင့်သက်ဆိုင်သော ကိစ္စရပ်တွင်ဖြစ်စေ၊ စီးပွားရေးနှင့် သက်ဆိုင်ခြင်းမရှိသော ကိစ္စရပ်တွင်ဖြစ်စေ အသုံးပြုသည့် အီလက်ထရောနစ်မှတ်တမ်းနှင့် အီလက်ထရောနစ် အချက်အလက် သတင်းလွှာအမျိုးအစား တစ်မျိုးမျိုးနှင့် သက်ဆိုင်စေရမည်။

(ခ) မည်သူမဆို ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် ကျူးလွန်လျှင်ဖြစ်စေ၊ ပြည်တွင်းမှ ပြည်ပသို့လည်းကောင်း၊ ပြည်ပမှ ပြည်တွင်းသို့လည်းကောင်း၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာကို အသုံးပြု၍ ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေနှင့် သက်ဆိုင်စေရမည်။

၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်း မရှိစေရ–

(က) အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၊ပုဒ်မခွဲ(ဇ)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော သေတမ်းစာ၊

(ခ) လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၁၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊

(ဂ) ယုံကြည်အပ်နှံမှု အက်ဥပဒေပုဒ်မ ၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော ယုံကြည်အပ်နှံမှု၊

(ဃ) ကိုယ်စားလှယ်လွှဲအပ်ခြင်း အက်ဥပဒေအရ ပေးအပ်သော ကိုယ်စားလှယ်စာ၊

(င) ပိုင်ဆိုင်ခွင့်ဆိုင်ရာ စာတမ်းအမှတ်အသားများ၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မှတ်ပုံတင်ရမည်ဟု ပြဋ္ဌာန်းထားသည့် စာချုပ်စာတမ်းများ၊

(ဆ) ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုသောကိစ္စများ၊

အခန်း(၄)

အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၆။ အစိုးရအဖွဲ့သည်–

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုအဖွဲ့ကိုဖွဲ့စည်းရာတွင် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးနိုင်သည်။

(ဂ) ဗဟိုအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာကို တစ်ဆင့်ပြီးတစ်ဆင့် ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာဆိုင်ရာ အတွေ့အကြုံ ဗဟုသုတကြွယ်ဝပြီး ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းမှုဖြစ်စဉ်တွင် အဆင်သင့်ဖြစ်စေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်း၊

(ဂ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ထိရောက်လျင်မြန်စွာပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်ဆက်ဆံမှု ပြုလုပ်နိုင်ရေးအတွက် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာဆိုင်ရာမူဝါဒများ၊ ဥပဒေရေးရာများ၊ စံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(ဃ) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(င) ကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(စ) မိမိ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

၈။ ဗဟိုအဖွဲ့သည် လိုအပ်ပါက မိမိ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သင့်လျော်သည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်တာဝန်ပေးနိုင်သည်။

အခန်း(၅)

အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ဗဟိုအဖွဲ့သည်–

(က) ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ကြီးကြပ်မှုအဖွဲ့ကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ကြီးကြပ်မှုအဖွဲ့သည် ဗဟိုအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အောက်ပါ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်–

(က) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူအဖြစ် ဆောင်ရွက်နိုင်ရန် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ခ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူနှင့် ငှားရမ်းသုံးစွဲသူတို့အကြား ဆက်သွယ်ဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်ခြင်း၊

(ဂ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူက လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့် စံများကိုလည်းကောင်း၊ ထိုသူက ထိန်းသိမ်းရမည့် စာရင်းတွင် မှတ်တမ်းတင်ထားရမည့် အသေးစိတ်အချက်အလက်များကို လည်းကောင်း သတ်မှတ်ခြင်း၊

(ဃ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ၏ ဝန်ထမ်းများတွင် ရှိရမည့် အရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံများကို သတ်မှတ်ခြင်း၊

(င) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူနှင့် ငှားရမ်းသုံးစွဲသူတို့အကြား အကျိုးစီးပွားနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော အငြင်းပွားမှုများကို ဖြေရှင်းခြင်း၊

(စ) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ တစ်ဦးတည်းဖြစ်စေ၊ အခြားသက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူနှင့် ပူးပေါင်း၍ ဖြစ်စေ ဆောင်ရွက်သည့် အီလက်ထရောနစ်နည်းပညာဖြင့် ဆက်သွယ်ဆောင်ရွက်ရေးစနစ် တည်ထောင်မှုကို အကူအညီပေးခြင်း၊

(ဆ) သက်သေခံလက်မှ
သော အများပြည်
များ ပါဝင်သည့် အ

(ဇ) သက်သေခံလက်မှ
ထားသည့် မှတ်တ
အထားများကို ဂ
ထုတ်နုတ်ယူခြင်း၊

(ဈ) ကွန်ပျူတာစနစ်တ
သက်ဆိုင်သည့် ပ
နှင့် စပ်လျဉ်း၍
ဖြစ်သည်ဟု သံသ
စစ်ဆေးခြင်း၊

(ည) ဤဥပဒေပါပြစ်မှု
အလက် အထောက်
ရယူခြင်း၊

(ဋ) သက်သေခံလက်မှ
များကို စစ်ဆေး

(ဌ) ဤဥပဒေနှင့် ဤ
လုပ်ထုံးလုပ်နည်း
ညွှန်ကြားချက်များ
စုံစမ်းစစ်ဆေးခြင်

(ဍ) ပြည်ပနိုင်ငံတစ်ခုခု
အား သတ်မှတ်ချ

(ဎ) မိမိ၏ ဆောင်ရွ
ဗဟိုအဖွဲ့သို့ တင်

(ဏ) ဗဟိုအဖွဲ့ကဖြစ်စေ
ပေးအပ်သည့် အ

၁၁။ ကြီးကြပ်မှုအဖွဲ့သည် လိုအ
တစ်ရပ်ရပ်ကို အဖွဲ့ ဖွဲ့စည်း၍
ဗဟိုအဖွဲ့၏ သဘောတူညီချက်

သက်သေခံလက

၁၂။ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်
လက်မှတ်ထုတ်ပေးပိုင်ခွင့် ရှိသူအ
လိုပါက လိုင်စင်ရရှိရန် သတ
လျှောက်ထားရမည်။

၁၃။ ကြီးကြပ်မှုအဖွဲ့သည် ပုဒ်
စိစစ်ပြီး ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့
လိုင်စင်ထုတ်ပေးခြင်း သို့မဟု
ပြုနိုင်သည်။

၁၄။ သက်သေခံလက်မှတ် ထု

(က) ကွန်ပျူတာ ဟတ်
လုပ်ထုံးများကို ဝ
တို့ ဖြစ်ပေါ်ခြင်း
အသုံးပြုရမည်။

(ခ) မိမိရည်ရွယ်သော
ဝန်ဆောင်မှုလုပ်င
အဆင့်တစ်ရပ်ကို

(ဂ) အီလက်ထရောနစ်
လုံခြုံမှုနည်းလမ်း

(ဃ) သတ်မှတ်ထားသေ

(င) အီလက်ထရောနစ်
ဆိုင်ရာ သက်သေ
များကို ဖော်ပြရမ

(စ) သက်သေခံလက်မှ
လက်တွေ့ဆောင်

(ဆ) ထုတ်ပေးထားသည
ရမှုကိုဖြစ်စေ၊ တာ
ယင်း၏ဝန်ဆောင်
ထိခိုက်စေနိုင်သည

(ဇ) သက်သေခံလက်မှ
ဖြစ်စေ၊ ကွန်ပျူတာ
ဖြစ်ပေါ်လာနိုင်သေ

(၁) ထိခိုက်မှုဖြ
နည်းလမ်း

(၂) အထက်ပါ
သက်သေခံ
လိုက်နာရန်
နှင့်အညီ

(ဈ) ကြီးကြပ်မှုအဖွဲ့က
စည်းကမ်းနှင့် တ

၁၅။ (က) ပုဒ်မ ၁၃အရ ထုတ်
လက်မှတ် ထုတ်
ရင်းနှီးမြှုပ်နှံမှု ဥ
နိုင်ငံခြားရင်းနှီးမြှ
အတွက် အဆိုပြု
ထုတ်ပေးသော
ကော်မရှင်သို့ ရေ

(ဆ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူက ထုတ်ဖော်ထားသော အများပြည်သူ အသုံးပြုမည့် အသေးစိတ်အချက်အလက်များ ပါဝင်သည့် အချက်အလက်အစုအဝေးကို ထိန်းသိမ်းခြင်း၊

(ဇ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ သိုမှီးထိန်းသိမ်းထားသည့် မှတ်တမ်းစာရင်း၊ အချက်အလက်နှင့် အထောက်အထားများကို လိုအပ်ပါက ကူးယူခြင်း၊ မိတ္တူကူးယူခြင်း၊ ထုတ်နုတ်ယူခြင်းနှင့် ယင်းတို့ကို စစ်ဆေးခြင်း၊

(ဈ) ကွန်ပျူတာစနစ်တစ်ခု၏ လုပ်ငန်းလည်ပတ်မှုနှင့် ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာကို ဤဥပဒေအရ ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ အသုံးပြုနေသည် သို့မဟုတ် အသုံးပြုပြီးဖြစ်သည်ဟု သံသယဖြစ်ရန်အကြောင်းရှိပါက ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊

(ည) ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်သော အချက်အလက် အထောက်အထားများကို ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ဖော်ထုတ်ရယူခြင်း၊

(ဋ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ၏ ဆောင်ရွက်ချက်များကို စစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဌ) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လိုက်နာခြင်းရှိ မရှိ စိစစ်နိုင်ရန် လိုအပ်သလို စုံစမ်းစစ်ဆေးခြင်း၊

(ဍ) ပြည်ပနိုင်ငံတစ်ခုခု၏ သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူအား သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုခြင်း၊

(ဎ) မိမိ၏ ဆောင်ရွက်ချက်များကို သတ်မှတ်ချက်များနှင့်အညီ ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ဏ) ဗဟိုအဖွဲ့ကဖြစ်စေ၊ ဝန်ကြီးဌာနကဖြစ်စေ အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း၊

၁၁။ ကြီးကြပ်မှုအဖွဲ့သည် လိုအပ်ပါက မိမိ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို အဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ ကျွမ်းကျင်သူ တစ်ဦးဦးအားဖြစ်စေ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် လွှဲအပ်တာဝန်ပေးနိုင်သည်။

အခန်း(၆)

သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ

၁၂။ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့် ရှိသူအဖြစ် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုပါက လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်မှုအဖွဲ့သို့ လျှောက်ထားရမည်။

၁၃။ ကြီးကြပ်မှုအဖွဲ့သည် ပုဒ်မ ၁၂ အရ လိုင်စင်လျှောက်ထားချက်ကို စိစစ်ပြီး ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၄။ သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူသည်–

(က) ကွန်ပျူတာ ဟတ်ဒ်ဝဲ (Hardware)၊ ဆော့ဖ်ဝဲနှင့် ကွန်ပျူတာ လုပ်ထုံးများကို ဝင်ရောက်နှောင့်ယှက်ခြင်း၊ အလွဲအသုံးပြုခြင်းတို့ ဖြစ်ပေါ်ခြင်းမရှိစေရန် ယုံကြည်စိတ်ချရသော စနစ်ကို အသုံးပြုရမည်။

(ခ) မိမိရည်ရွယ်သော လုပ်ငန်း၏ဆောင်ရွက်မှုနှင့် ကိုက်ညီသော ဝန်ဆောင်မှုလုပ်ငန်းတွင် သင့်လျော်သော ယုံကြည်အားထားရမှု အဆင့်တစ်ရပ်ကို သတ်မှတ်ပေးရမည်။

(ဂ) အီလက်ထရောနစ် ထိုးမြဲလက်မှတ်များ၏ လျှို့ဝှက်ထားရှိမှုကို လုံခြုံမှုနည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) သတ်မှတ်ထားသောစံများကို လိုက်နာဆောင်ရွက်ရမည်။

(င) အီလက်ထရောနစ်နည်းပညာဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်၏ အသေးစိတ် အချက်အလက်များကို ဖော်ပြရမည်။

(စ) သက်သေခံလက်မှတ် ထုတ်ပေးခြင်းနှင့် သက်ဆိုင်သော မိမိလက်တွေ့ဆောင်ရွက်ပေးနိုင်မှုကို ဖော်ပြရမည်။

(ဆ) ထုတ်ပေးထားသည့် သက်သေခံလက်မှတ်၏ ယုံကြည်အားထားရမှုကိုဖြစ်စေ၊ တာဝန်ခံနိုင်မှု သို့မဟုတ် အာမခံနိုင်မှုကိုဖြစ်စေ၊ ယင်း၏ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းဆောင်ရွက်နိုင်မှုကိုဖြစ်စေ ထိခိုက်စေနိုင်သည့် အချက်များကို ဖော်ပြရမည်။

(ဇ) သက်သေခံလက်မှတ်တွင် ခွင့်ပြုထားသော အခြေအနေကြောင့်ဖြစ်စေ၊ ကွန်ပျူတာစနစ်၏ ချို့ယွင်းမှုကြောင့်ဖြစ်စေ ထိခိုက်မှုဖြစ်ပေါ်လာနိုင်သော အခြေအနေများရှိလာပါက–

(၁) ထိခိုက်မှုဖြစ်စေနိုင်သည့် ပုဂ္ဂိုလ်အား ဖြစ်နိုင်သည့် နည်းလမ်းဖြင့် အသိပေး အကြောင်းကြားရမည်။

(၂) အထက်ပါ အခြေအနေနှင့် ဖြစ်ပေါ်မှုများအတွက် သက်သေခံလက်မှတ်ကို လက်တွေ့ဆောင်ရွက်ရာ၌ လိုက်နာရန်သီးခြားသတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဈ) ကြီးကြပ်မှုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် စည်းမျဉ်းစည်းကမ်းနှင့် တာဝန်များကို လိုက်နာဆောင်ရွက်ရမည်။

၁၅။ (က) ပုဒ်မ ၁၃အရ ထုတ်ပေးသည့် လိုင်စင်ကိုရရှိသော သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူသည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရဖြစ်စေ ခွင့်ပြုမိန့်ရရှိရေးအတွက် အဆိုပြုချက်ကို တင်ပြရာတွင် ကြီးကြပ်မှုအဖွဲ့က ထုတ်ပေးသော လိုင်စင်နှင့်အတူ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ လိုအပ်ပါက ကြီးကြပ်မှုအဖွဲ့၏ သဘောထားမှတ်ချက်ကို တောင်းခံနိုင်သည်။

အခန်း(၇)

ငှားရမ်းသုံးစွဲသူ

၁၆။ (က) ငှားရမ်းသုံးစွဲသူအဖြစ် ဆောင်ရွက်လိုသူသည် သက်သေခံလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူထံ လျှောက်ထားရမည်။

(ခ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ သက်သေခံလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် သက်သေခံလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၇။ ငှားရမ်းသုံးစွဲသူသည်–

(က) အီလက်ထရောနစ် ထိုးမြဲလက်မှတ် ထုတ်ဖော်သည့်အချက်အလက်ဖြင့် တရားဝင်သော ထိုးမြဲလက်မှတ်ကို အသုံးပြုသည့်အခါ ယင်းထုတ်ဖော်သည့် အချက်အလက်ကို အခြားသူများ တရားမဝင် အသုံးပြုခြင်း မခံရစေရန် ဂရုစိုက်ရမည်။

(ခ) အီလက်ထရောနစ် ထိုးမြဲလက်မှတ်အတွက် ထုတ်ပေးထားသော သက်သေခံလက်မှတ်ကို ခွင့်ပြုထားသော သက်တမ်းကာလအတွင်း အသုံးပြုရာတွင် မိမိနှင့်သက်ဆိုင်သည့် အကြောင်းအရာများသော်လည်းကောင်း၊ ထပ်မံထည့်သွင်းရန်ဖြစ်သည့် အကြောင်းအရာများသော်လည်းကောင်း တိကျပြည့်စုံပြီး မှန်ကန်မှုရှိစေရန် ဂရုစိုက်ရမည်။

(ဂ) အီလက်ထရောနစ် ထိုးမြဲလက်မှတ်ထုတ်ဖော်သည့် အချက်အလက် လျှို့ဝှက်မှု ပေါက်ကြားလျှင်ဖြစ်စေ၊ လျှို့ဝှက်မှု ပေါက်ကြားနိုင်သည့် အခြေအနေမျိုး ရောက်ရှိနေလျှင်ဖြစ်စေ သက်သေခံလက်မှတ် ထုတ်ပေးနိုင်ခွင့်ရှိသူက စီစဉ်ပေးသည့်အတိုင်းသော်လည်းကောင်း၊ သင့်လျော်သည့် အစီအစဉ်ဖြင့်သော်လည်းကောင်း၊ မိမိ၏ အီလက်ထရောနစ် ထိုးမြဲ လက်မှတ်နှင့် လုပ်ငန်းဆက်စပ်ပတ်သက်နေသူများထံ နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ အကြောင်းကြားရမည်။

၁၈။ ပုဒ်မ ၁၇တွင် ဖော်ပြထားသောအချက်များကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ထိခိုက်နစ်နာဆုံးရှုံးမှု အကျိုးဆက်များအတွက် ငှားရမ်းသုံးစွဲသူတွင် တာဝန်ရှိစေရမည်။

အခန်း(၈)

အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ်အချက်အလက် သတင်းလွှာနှင့် အီလက်ထရောနစ် ထိုးမြဲလက်မှတ်များ

၁၉။ (က) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စာဖြင့် ရေးသားရမည်ဟုလည်းကောင်း၊ လက်မှတ်ရေးထိုးရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားသည့် အကြောင်းအရာများကို အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ် အချက်အလက်သတင်းလွှာနှင့် အီလက်ထရောနစ် ထိုးမြဲလက်မှတ်တို့ဖြင့် ပြုလုပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ပြုလုပ်ထားသော အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ် အချက်အလက်သတင်းလွှာနှင့် အီလက်ထရောနစ် ထိုးမြဲလက်မှတ်များသည် သက်ဆိုင်ရာ ဥပဒေအရ ပြုလုပ်ဘိသကဲ့သို့ တရားဝင်စေရမည်။

၂၀။ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့သည် အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ် အချက်အလက်သတင်းလွှာနှင့် အီလက်ထရောနစ် ထိုးမြဲလက်မှတ်ပေးပို့ခြင်း၊ လက်ခံရယူခြင်းနှင့် သိုမှီးထိန်းသိမ်းခြင်းတို့ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။ သို့ရာတွင် မိမိတို့အချင်းအချင်း သီးခြားသဘောတူညီချက်ရှိပါက ထိုသဘောတူညီသည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

အခန်း(၉)

အီလက်ထရောနစ်နည်းပညာဖြင့်ပြုလုပ်သည့်ပဋိညာဉ်များ

၂၁။ ပဋိညာဉ်ပြုလုပ်ရာတွင် ပဋိညာဉ်ပြုသူများအကြား အခြားနည်းဖြင့် သဘောတူညီချက်မရှိလျှင် ကမ်းလှမ်းခြင်း၊ ကမ်းလှမ်းချက်ကို လက်ခံခြင်းနှင့် အခြားလိုအပ်သော အချက်အလက်ပြုလုပ်ခြင်းတို့ကို အီလက်ထရောနစ်နည်းပညာဖြင့် ဆောင်ရွက်နိုင်သည်။

၂၂။ အီလက်ထရောနစ်မှတ်တမ်းနှင့် အီလက်ထရောနစ်အချက်အလက်သတင်းလွှာတို့ကို မူလဆောင်ရွက်ပေးပို့သူကိုယ်တိုင်ကဖြစ်စေ၊ ယင်း၏ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူကဖြစ်စေ၊ ကိုယ်တိုင် သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်ခွင့်ရှိသူက အလိုအလျောက်ဆောင်ရွက်ရန် စီစဉ်ပြုလုပ်ထားသောသတင်းအချက်အလက်စနစ်ဖြင့်ဖြစ်စေ ပေးပို့ခဲ့လျှင် မူလဆောင်ရွက်ပေးပို့သူ၏ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ် အချက်အလက်သတင်းလွှာ ဖြစ်သည်ဟုမှတ်ယူရမည်။

၂၃။ လက်ခံသူသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ကိုက်ညီပါက မူလဆောင်ရွက်ပေးပို့သူ၏ သတင်းအချက်အလက်၊ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ် အချက်အလက်သတင်းလွှာ အမှန်အဖြစ် သတ်မှတ်ချက်များနှင့်အညီ မှတ်ယူပြီး ဆောင်ရွက်ခွင့်ရှိသည်–

(က) လက်ခံသူနှင့် မူလဆောင်ရွက်ပေးပို့သူတို့ သဘောတူညီထားသည့် နည်းလမ်းနှင့်အညီ အသုံးပြုပေးပို့ခဲ့ခြင်း၊

(ခ) မူလဆောင်ရွက်ပေးပို့သူနှင့် ဆက်နွယ်မှုရှိသူကဖြစ်စေ၊ မူလဆောင်ရွက်ပေးပို့သူ၏ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူကဖြစ်စေ ပေးပို့သည်ကို လက်ခံသူက လက်ခံရရှိခြင်းဖြစ်ပြီး မူလဆောင်ရွက်ပေးပို့သူ အသုံးပြုသည့်နည်းလမ်းဖြင့် ပေးပို့ခဲ့ခြင်း။

၂၄။ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်အချက်အလက် သတင်းလွှာကို ပေးပို့ဆဲဖြစ်စေ၊ မပေးပို့မီဖြစ်စေ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့သည်–

(က) အောက်ပါတစ်နည်းနည်းဖြင့် လက်ခံရရှိကြောင်းကို အသိအမှတ်ပြုနိုင်သည်–

(၁) လက်ခံသူက ကိုယ်တိုင်ဖြစ်စေ၊ အလိုအလျောက်နည်းဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ဆက်သွယ်ပြန်ကြားခြင်း၊

(၂) လက်ခံသူက လက်ခံရရှိပြီးဖြစ်ကြောင်း မူလဆောင်ရွက်ပေးပို့သူသို့ လုံလောက်သော ညွှန်ပြမှု တစ်ခုခု ပြုလုပ်ခြင်း။

(ခ) လက်ခံရရှိကြောင်း အသိအမှတ်ပြုခြင်းနှင့်စပ်လျဉ်း၍ သီးခြားသဘောတူညီချက် ပြုလုပ်နိုင်သည်။

၂၅။ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ် အချက်အလက်သတင်းလွှာ လက်ခံကြောင်း အသိအမှတ်ပြုချက်ကို လက်ခံရရှိမှသာ အတည်ဖြစ်ရမည်ဟု မူလဆောင်ရွက်ပေးပို့သူက–

(က) သတ်မှတ်ထားသည့် ကိစ္စတွင် လက်ခံကြောင်း အသိအမှတ်ပြုချက်ကို လက်ခံရရှိခဲ့ခြင်း မရှိလျှင် မူလဆောင်ရွက်ပေးပို့သူက မည်သည့်အခါမျှ ပေးပို့ခဲ့ခြင်းမရှိဟု မှတ်ယူရမည်။

(ခ) သတ်မှတ်ထားခြင်းမရှိသည့် ကိစ္စတွင် သီးခြားသတ်မှတ်သဘောတူညီထားသည့် အချိန်အတွင်းဖြစ်စေ၊ အချိန်ကို သတ်မှတ်ထားခြင်းမရှိပါက သင့်လျော်သည့် အချိန်အတွင်းဖြစ်စေ လက်ခံကြောင်း အသိအမှတ်ပြုချက်ကို မူလဆောင်ရွက်ပေးပို့သူက လက်ခံရရှိခြင်းမရှိလျှင် မူလဆောင်ရွက်ပေးပို့သူသည် ထိုသို့ မရရှိကြောင်း လက်ခံသူသို့ အကြောင်းကြားနိုင်သည်။

၂၆။ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့အကြား ပို့လွှတ်သည့်အချိန်နှင့် လက်ခံသည့် အချိန်တို့နှင့် စပ်လျဉ်း၍ သီးခြားသဘောတူညီချက် မရှိလျှင် အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်အချက်အလက်သတင်းလွှာကို–

(က) ပို့လွှတ်သည့် အချိန်သည် မူလဆောင်ရွက်ပေးပို့သူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်၏ ထိန်းချုပ်မှုပြင်ပရှိ သတင်းအချက်အလက်စနစ်အတွင်းသို့ ဝင်ရောက်သည့်အချိန်ဖြစ်သည်။

(ခ) လက်ခံသည့်အချိန်သည် အောက်ပါအတိုင်းဖြစ်သည်–

(၁) သတ်မှတ်ထားသော သတင်းအချက်အလက်စနစ် အတွင်းသို့ ဝင်ရောက်သည့်အချိန်၊

(၂) လက်ခံသူက သတ်မှတ်ထားခြင်းမရှိသော သတင်းအချက်အလက်စနစ်ကို အသုံးပြုခဲ့ပါက လက်ခံသူက လက်ခံရရှိသည့်အချိန်၊

(၃) သတ်မှတ်ထားသော သတင်းအချက်အလက်စနစ်မရှိပါက လက်ခံသူ၏ သတင်းအချက်အလက်စနစ်အတွင်းသို့ ဝင်ရောက်သည့်အချိန်၊

၂၇။ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့သည်–

(က) သီးခြားသဘောတူညီချက်မရှိလျှင် မူလဆောင်ရွက်ပေးပို့သူ၏ လုပ်ငန်းတည်ရှိသော နေရာကို ပို့လွှတ်သည့်နေရာဟုလည်းကောင်း၊ လက်ခံသူ၏ လုပ်ငန်းတည်ရှိသော နေရာကို လက်ခံသည့်နေရာဟုလည်းကောင်း မှတ်ယူရမည်။

(ခ) စီးပွားရေးလုပ်ငန်းကို တစ်နေရာထက်ပို၍ လုပ်ကိုင်ပါက အဓိက စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့် နေရာကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့်နေရာမရှိပါက ထိုသူအမြဲတမ်း နေထိုင်သော နေရာကိုလည်းကောင်း၊ အဖွဲ့အစည်းဖြစ်ပါက ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော နေရာကိုလည်းကောင်း အမြဲတမ်း နေရပ်လိပ်စာဟု မှတ်ယူရမည်။

အခန်း(၁၀)

စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်း

၂၈။ ကြီးကြပ်မှုအဖွဲ့သည် သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူက လိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ဖြစ်စေ ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်–

(က) သတ်မှတ်ထားသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) လိုင်စင်ကိုကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၉။ သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူသည် ငှားရမ်းသုံးစွဲသူက သက်သေခံလက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်–

(က) သက်သေခံလက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ခ) သက်သေခံလက်မှတ်ကို ပယ်ဖျက်ခြင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

မြန်မာ့ရုပ်မြင်သံကြ

အစီအစဉ်

၁–၅–၂၀၀၄ (စနေနေ

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင် သာသနာပြု ဆရာတော ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစား
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာ
၇း၅၅	၅။	စားကြမယ်ဟော့ကောင်းေ
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ဘော်ဘင်ရေလှောင်တ
၈း၃၀	၈။	International Ne
၈း၄၅	၉။	Happy and Educati English Summer Course MRTV.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၀	၄။	ချစ်စရာ့အရွယ် ကစားကြမယ်
၁၂း၀၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၂၀	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နက်ရှိုင်းမေတ္တာ" (အပိုင်း–၃၇)**
၁း၅၅	၇။	သံလွင်တံတား(မော်လ တည်ဆောက်ရေး ဂုဏ အစီအစဉ်(၃)
၂း၀၀	၈။	**"တန်ဖိုးထဲကလူ" (ဇော်ဦး၊ ညီညီတာ၊ မြင့်မြင့်ခိုင်၊ မြသဉ္ဇာလီ) (ဒါရိုက်တာ–သက်တ**
၂း၃၀	၉။	ပြည်ထောင်စု တိုင်းရင်း ရိုးရာအက
၂း၄၅	၁၀။	International Nev
၃း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေ
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သ ထက်မြက်ရေးတေးမျာ
၄း၃၀	၃။	EnglishForEvery Use.
၄း၄၅	၄။	တေးဂီတအစီအစဉ်
၅း၀၀	၅။	အဝေးသင်တက္ကသိုလ် ပည ရုပ်မြင်သံကြားသင်ခန်းစ – ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (သင်္ချာ)
၅း၁၅	၆။	အကပဒေသာ
၅း၃၀	၇။	နားဝင်ပီယံ သူ့လက်သံ
၅း၄၀	၈။	တေးဂီတအစီအစဉ်
၅း၅၀	၉။	ချစ်စရာ့အရွယ် ကစားကြမယ်
၆း၁၅	၁၀။	စားကြမယ်ဟော့ ကောင်းကောင်း
၆း၃၀	၁၁။	ညနေခင်းသတင်း
၇း၀၀	၁၂။	မိုးလေဝသအခြေအနေ
၇း၀၅	၁၃။	Discovery
၇း၁၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်" (အပိုင်း–၇)**
၇း၄၅	၁၅။	တေးဂီတအစီအစဉ်
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**မြန်မာဗီဒီယိုဇာတ်လမ်း "နှယ်လိုတွယ်သောကြိုး" (အပိုင်း–၁) (လွင်မိုး၊ နန္ဒာလှိုင်) [ဒါရိုက်တာ–ကိုဇော် (အရဏ်ဦး)]**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏

❐ စာမျက်နှာ ၉မှ

အခန်း(၁၁)
ပြင်ဆင်ပေးရန် လျှောက်ထားခြင်းနှင့် အယူခံခြင်း

၃၀။ (က) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူက သက်သေခံလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ သက်သေခံလက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀အတွင်း ကြီးကြပ်မှုအဖွဲ့ထံ ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။

(ခ) ကြီးကြပ်မှုအဖွဲ့သည် သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၁။ (က) ကြီးကြပ်မှုအဖွဲ့က လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)အရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ မကျေနပ်သူသည် အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) ဗဟိုအဖွဲ့သည် ကြီးကြပ်မှုအဖွဲ့က ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၂။ ဗဟိုအဖွဲ့က ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ)အရ ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အခန်း(၁၂)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၃။ မည်သူမဆို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာကို အသုံးပြု၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအားထောင်ဒဏ်အနည်းဆုံး ၇နှစ်မှ အများဆုံး ၁၅နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်–

(က) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေးသို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေ သည့် ပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ခ) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေးသို့မဟုတ် အမျိုးသားယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့် နိုင်ငံတော်၏ လျှို့ဝှက်ချက်နှင့် သက်ဆိုင်သော သတင်းအချက်အလက် တစ်ရပ်ရပ်ကိုရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိခြင်း။

၃၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်၅နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်–

(က) အီလက်ထရောနစ်မှတ်တမ်း အီလက်ထရောနစ်အချက်အလက်သတင်းလွှာ သို့မဟုတ် ကွန်ပျူတာပရိုဂရမ်တစ်ခုလုံးကိုဖြစ်စေ၊ ပရိုဂရမ်တစ်စိတ်တစ်ဒေသကိုဖြစ်စေ မရိုးမဖြောင့်သော သဘောဖြင့် ပေးပို့ခြင်း၊ နှောင့်ယှက်ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း၊ ခိုးယူခြင်း သို့မဟုတ်ထိခိုက်ဆုံးရှုံးစေခြင်း၊

(ခ) မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့၏ ခွင့်ပြုချက်မရှိဘဲ ကွန်ပျူတာကွန်ရက်အတွင်း ဆက်သွယ်မှုတစ်ခုခုကို ကြားဖြတ်ခြင်း၊ ဆက်သွယ်မှုတစ်ခုခုတွင်ပါဝင်သည့် အချက်တစ်ရပ်ရပ်ကို အသုံးပြုခြင်း သို့မဟုတ် အခြားသူတစ်ဦးဦးသို့ ထုတ်ဖော်ခြင်း၊

(ဂ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ခွင့်ပြုချက် သို့မဟုတ် သဘောတူညီချက် မရှိဘဲ ထိုသူ၏လုံခြုံမှုအဆင့် ထားရှိသောအမှတ်၊ စကားဝှက် သို့မဟုတ် အီလက်ထရောနစ် ထိုးမြဲလက်မှတ်ဖြင့် အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်အသုံးပြုခြင်း၊

(ဃ) အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန်ဖြစ်စေ၊ ဂုဏ်သိက္ခာ ကျဆင်းစေရန်ဖြစ်စေ သတင်းအချက်အလက်ကို အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊ ထိုသို့ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း ပြုလုပ်ထားသည့် အချက်အလက်ကိုဖြန့်ချိခြင်း။

၃၅။ မည်သည့်သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ၊ယင်း၏အရာရှိသို့မဟုတ် ဝန်ထမ်းမဆို ကြီးကြပ်မှုအဖွဲ့က ထုတ်ပြန်သောအမိန့်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်၃နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်၁နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်–

(က) သက်သေခံလက်မှတ်ရရှိရန် လျှောက်ထားရာတွင် ဖြစ်စေ၊ သက်သေခံလက်မှတ်ကို ရပ်ဆိုင်းရန် သို့မဟုတ် ရုပ်သိမ်းရန် တင်ပြရာတွင်ဖြစ်စေ မိမိ၏အထောက်အထား သို့မဟုတ် အသုံးပြုခွင့်ကို သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူထံ သိလျက်နှင့် မမှန်မကန်တင်ပြခြင်း၊

(ခ) ဤဥပဒေနှင့်အညီ လုပ်ငန်းတာဝန်များ ဆောင်ရွက်သော ဗဟိုအဖွဲ့နှင့် ယင်းက တာဝန် လွှဲအပ်ခြင်းခံရသည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ကြီးကြပ်မှုအဖွဲ့နှင့် ယင်းက တာဝန်လွှဲအပ်ခြင်း ခံရသည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ဟန့်တားနှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ လက်ရောက်မှုပြုခြင်း သို့မဟုတ် ဤဥပဒေနှင့်အညီ ဆောင်ရွက်ရန် တောင်းဆိုချက်ကို လိုက်နာရန်ပျက်ကွက်ခြင်း။

၃၈။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သောပြုလုပ်မှုကို ပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှု ကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

အခန်း(၁၃)
အထွေထွေ

၃၉။ အစိုးရဌာန၊ အဖွဲ့အစည်းများသည် အောက်ပါကိစ္စရပ်များအတွက် အီလက်ထရောနစ် မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်အချက်အလက်သတင်းလွှာဖြင့်ပြုလုပ်ခြင်းကို တရားဝင် အသိအမှတ်ပြုဆောင်ရွက်ရမည်–

(က) စာတမ်းအမှတ်အသားများကိုတင်သွင်းခြင်း၊ လက်ခံခြင်း၊ သို့မဟုတ် ထိန်းသိမ်းခြင်း၊

(ခ) ခွင့်ပြုချက် လိုင်စင်နှင့် သဘောတူညီချက်များထုတ်ပေးခြင်း၊

(ဂ) ပေးချေရမည့် ငွေကြေးကိုတောင်းဆိုခြင်း၊ ပေးချေခြင်း၊လက်ခံခြင်းနှင့် လက်ခံပြေစာ ထုတ်ပေးခြင်း။

၄၀။ အီလက်ထရောနစ်နည်းပညာဖြင့် ဆက်သွယ်ဆောင်ရွက်သူများသည် အီလက်ထရောနစ် မှတ်တမ်းနှင့် အီလက်ထရောနစ်အချက်အလက်သတင်းလွှာတို့၏ လိုအပ်သည့် လုံခြုံမှုအမျိုးအစားနှင့် အဆင့်တို့ကို သတ်မှတ်ပြီး မိမိတို့၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် နည်းလမ်းများကို ရွေးချယ်အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

၄၁။ ဝန်ကြီးဌာနသည် သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူအဖြစ် ဆောင်ရွက်နိုင်ရန် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်နှင့်စပ်လျဉ်း၍ လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် လိုင်စင်သက်တမ်း တိုးမြှင့်ခတို့ကို သတ်မှတ်ရမည်။

၄၂။ ကြီးကြပ်မှုအဖွဲ့သည် ဤဥပဒေအရ ရရန်ရှိသည့် အခကြေးငွေနှင့် ဒဏ်ကြေးငွေများပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုအခကြေးငွေနှင့် ဒဏ်ကြေးငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံခွင့်ရှိသည်။

၄၃။ ဝန်ကြီးဌာနသည်–

(က) အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုအဖွဲ့ အဖွဲ့ဝင်များအား ချီးမြှင့်ငွေ သတ်မှတ်ခံစားခွင့်ပြုနိုင်သည်။

(ခ) ဗဟိုအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရမည့်အပြင် ကုန်ကျစရိတ်ကိုလည်း ကျခံရမည်။

၄၄။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၄၅။ ဤဥပဒေပါ မည်သည့်ပြစ်မှုကိုမဆို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသည်။

၄၆။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲမည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာ အခြားစာရွက်စာတမ်းများ၊ အထောက်အထားများနှင့်အတူ တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၄၇။ သက်သေခံအက်ဥပဒေပုဒ်မ ၄၅တွင် ရည်ညွှန်းသည့် ကျွမ်းကျင်သူများဆိုသည့် စကားရပ်တွင် ကြီးကြပ်မှုအဖွဲ့၊ ယင်းအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်နှင့် သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူတို့ ပါဝင်သည်ဟု မှတ်ယူရမည်။

၄၈။ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့အကြား ဆက်သွယ်ဆောင်ရွက်သည့် သတင်းအချက် အလက်၊ အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ်အချက်အလက် သတင်းလွှာ၊ အီလက်ထရောနစ် ထိုးမြဲလက်မှတ်နှင့် အခြားစာတမ်း အမှတ်အသားများကို အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်ထားသည် ဆိုသည့် အကြောင်းပြချက်တစ်ခုတည်းဖြင့် ဥပဒေအရ အကျိုးသက်ရောက်မှု၊ တရားဝင်မှု သို့မဟုတ် အတည်ဖြစ်မှုကို ငြင်းပယ်ခြင်းမပြုရ။

၄၉။ ဤဥပဒေအရ လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော ဗဟိုအဖွဲ့နှင့် ယင်းက တာဝန်လွှဲအပ်ခြင်းခံရသည့်အဖွဲ့ သို့မဟုတ်ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ကြီးကြပ်မှုအဖွဲ့နှင့် ယင်းက တာဝန်လွှဲအပ်ခြင်းခံရသည့် အဖွဲ့သို့မဟုတ် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ သက်သေခံ လက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူကိုဖြစ်စေ တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခွင့် မရှိစေရ။

၅၀။ ဝန်ကြီးဌာနသည် ဤဥပဒေပါနည်းပညာပိုင်းဆိုင်ရာ စကားရပ်တစ်ခုခု၏ အဓိပ္ပာယ်ကိုရှင်းလင်းပေးရန် လိုအပ်လျှင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှင်းလင်းပေးနိုင်သည်။

၅၁။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့်ညီညွတ်မှုမရှိသော သို့မဟုတ် ဆန့်ကျင်ကွဲလွဲသော ပြဋ္ဌာန်းချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များက လွှမ်းမိုးစေရမည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့နှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း၊ ကြီးကြပ်မှုအဖွဲ့သည် လိုအပ်သော ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၃– ၂၀၀၄ ခု ဒုတိယခြောက်လပတ်
အသားကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၃၀

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ၂၀၀၃–၂၀၀၄ ခုနှစ် ဒုတိယ ခြောက်လပတ် အသားကဏ္ဍနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် အင်းစိန်မြို့နယ် ဘူတာရုံလမ်းရှိ မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက် အမှာစကားပြောကြားသည်။

အစီရင်ခံစာတင်ပြ

ထို့နောက် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်က မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ ၂၀၀၃–၂၀၀၄ ခုနှစ် ဒုတိယခြောက်လပတ်ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာကို တင်ပြသည်။

ဆက်လက်၍ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာမောင်မောင်စံက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ ၂၀၀၃–၂၀၀၄ခုနှစ်ဒုတိယခြောက်လပတ်လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာကို တင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးက မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၏ ၂၀၀၃–၂၀၀၄ ခုနှစ် ဒုတိယခြောက်လပတ်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာကို တင်ပြသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ၂၀၀၃–၂၀၀၄ ခုနှစ်အတွင်း မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းရှိ မွေးမြူရေးခြံများမှ ထူးချွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော မွေးမြူရေးခြံများကို လုပ်ငန်းစွမ်းဆောင်ရည် ဆုပေးအပ်ချီးမြှင့်ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

သာကေတမြို့နယ် ဇိနမာရ်အောင်ဘုရား ဓာတ်တော်တိုက်အတွက် အထက(၂) သာကေတမိသားစုက စုပေါင်းလှူဒါန်းငွေ ကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီအောင်နှင့် ဆရာ၊ ဆရာမများက ဂေါပကအဖွဲ့သို့ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

အိမ်တော်ရာစေတီတော် ကဆုန်ညောင်ရေသွန်းလောင်းပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင်မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး၏ တတိယအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲအား စေတီတော်ဂေါပကအဖွဲ့မှ ကြီးမှူး၍ ရင်ပြင်တော် အင်္ဂါထောင့်ရှိ ဗောဓိပင်ကြီး၌ ကျင်းပမည်ဖြစ်သည်။ မေလ ၃ရက်၊ ကဆုန်လပြည့် နံနက် ၅နာရီတွင် ဗောဓိညောင်ပင်ကြီး၌ ဗုဒ္ဓရုပ်ပွားတော်အား ဩဝါဒါစရိယဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်မည်ဖြစ်ပြီး ၎င်းနောက် ဆရာတော်ကြီးများက ဦးဆောင်၍ စတင်ညောင်ရေသွန်းလောင်းကြမည်ဖြစ်သည်။ ၎င်းအပြင် ဘုရားဖူးလာပြည်သူများအနေဖြင့်လည်း မည်သူမဆို လာရောက်ကုသိုလ်ယူသွန်းလောင်းနိုင်ရန် ဂေါပကအဖွဲ့မှ စီစဉ်ပေးထားကြောင်းနှင့် အချိုရည်များ တိုက်ကျွေးရန် စီစဉ်ထားသည်။ (က–ပ)

ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၃၀

မင်္ဂလာတောင်ညွန့်မြို့နယ်ပုသိမ်ညွန့်ရပ်ကွက် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၉ရက်နံနက်တွင် ပုသိမ်ညွန့်(၉)လမ်းရှိ ဓမ္မဇေယျာ ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့်အဖွဲ့ဝင်များ၊ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် သင်တန်းသား၊သင်တန်းသူ ၁၅၀ဦးတို့ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော်တို့က ဩဝါဒစကား မြွက်ကြားဖွင့်လှစ်ပေးသည်။ (က–ပ)

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီး မကြာမီ ကျင်းပတော့မည် အလုပ်သမားထုကြီး၏ ကိုယ်စားလှယ်များသည်လည်း အစုအဖွဲ့တစ်ရပ်အဖြစ် တက်ရောက်ဆွေးနွေးဆုံးဖြတ်နိုင်သည့်အခွင့်အရေးများရရှိထား

☆ **ရှေ့ဖုံးမှ**

နိုင်ငံတော်ပိုင်ကဏ္ဍနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပုဂ္ဂလိကပိုင်ကဏ္ဍတို့ စနစ်တကျ ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်မှု၊ ကာယဉာဏအလုပ်သမားကြီးများ၏ အမျိုးသားရေးအကျိုးစီးပွား ရှေးရှုအားထုတ် ကြိုးပမ်းမှုများပေါင်းဆုံလျက် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ပါသည်။

ယခုဆိုလျှင် နိုင်ငံနှင့်အဝန်း ခေတ်မီစက်ရုံအလုပ်ရုံကြီးများ၊ စက်မှုနယ်မြေများနှင့် စက်မှုဇုန်များ၊ နိုင်ငံတကာအဆင့်မီ ရုံး၌ာနများ၊ စီးပွားရေးဗဟို၌ာနများ၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်သည်နှင့်လျော်ညီစွာ အလုပ်သမားကြီးများမှာလည်း နိုင်ငံတကာအဆင့်မီ ကုန်ထုတ်နည်းပညာများနှင့် ဝန်ဆောင်မှုနည်းစနစ်များ၊ ခေတ်မီ ကုန်ထုတ်စက်ပစ္စည်းကိရိယာများ၊ ခေတ်မီအီလက်ထရောနစ် ရုံးသုံးကိရိယာများကို အသုံးပြုနိုင်နေပြီဖြစ်ပါသည်။

ဤကဲ့သို့ အမိနိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လျက် နိုင်ငံတကာ အဆင့်မီကုန်ထုတ်လုပ်ငန်းကြီးများ၊ ဝန်ဆောင်မှုလုပ်ငန်းကြီးများ ပေါ်ထွန်းလာသည်နှင့်အမျှ အလုပ်သမားကြီးများမှာလည်း ရေမြင့်လျှင်ကြာတင့်ဆိုသကဲ့သို့ သင့်လျော်သည့် လုပ်ခလစာများ၊ အလုပ်သမားများ၏ ခံစားခွင့်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ထိုက်ထိုက်တန်တန် ရရှိခံစားနိုင်နေပြီဖြစ်ပါသည်။

ယင်းသို့သော အခြေအနေအချိန်အခါကောင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အလုပ်သမားကြီးများ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါလှသည့် အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး အလုပ်သမားကြီးများ၏ လုပ်ငန်းခွင်သာယာရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ အချိန်အခါနှင့်လျော်ညီစွာ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး စသည့် အလုပ်သမားများ၏ ခံစားခွင့်များနှင့် အခွင့်အလမ်းများ ပိုမိုတိုးတက်မြင့်မားခိုင်မာလာစေရန် အလေးထား ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးလျက်ရှိသည်ကို အလုပ်သမားကြီးများကိုယ်တိုင် သိမြင်ခံစားရလျက်ရှိနေပြီဖြစ်ပါသည်။

လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား–

ယခုကဲ့သို့ နိုင်ငံတော်အစိုးရနှင့် အလုပ်သမားကြီးများအပါအဝင် ပြည်သူတစ်ရပ်လုံး ကြည်ဖြူစွာလက်တွဲပူးပေါင်းကြိုးပမ်းအားထုတ်မှုများကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောလျက် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော မင်္ဂလာအခါသမယတွင် အလုပ်သမားကြီးများအားလုံးက စုစည်းညီညွတ်သည့် အမျိုးသားရေးစွမ်းအားစုကြီးတစ်ရပ်အဖြစ် ခိုင်မာစွာ ရပ်တည်ပြီး တိုင်းကျိုးပြည်ဆောင် အမျိုးသားရေးကြိုးပမ်းအားထုတ်မှုများတွင် တစ်မျိုးသားလုံးနှင့် တပေါင်းတစည်းတည်း ပါဝင်ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအကျိုး မလိုလားသည့် မသမာသူ အဖျက်အုပ်စုတစ်စုသည် အလုပ်သမားအရေးခြုံ အမည်ခံအဖွဲ့အစည်းများ ဖွဲ့စည်းလျက် မွန်မြတ်သန့်စင်သည့် အလုပ်သမားထုကြီး၏ ဂုဏ်ဒြပ်ကို ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် မတော်မတရားအသုံးချပြီး အလုပ်သမားအခွင့်အရေးဇန်းပြလျက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် ဝင်ရောက်စွက်ဖက် လှုပ်ရှားနေမှုများ ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ပါသည်။

အဆိုပါ အလုပ်သမားအရေးခြုံ အမည်ခံအဖွဲ့အစည်းများသည် အခြားသော အဖျက်အမှောင့်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ တိုးတက်ဖြစ်ထွန်းနေမှုများ နှောင့်နှေးစေရန်၊ မြန်မာနိုင်ငံတော်၏ အကျိုးစီးပွားဆုတ်ယုတ်ပျက်ပြားစေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားလုပ်ဆောင်နေကြသဖြင့် မြန်မာအလုပ်သမားများအကြား အလုပ်လက်လွတ်ဆုံးရှုံးမှုများ၊ အလုပ်အကိုင် အခွင့်အလမ်းပျက်ပြားမှုများ၊ စီးပွားရေး၊ လူမှုရေး နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေလျက်လည်း ရှိပါသည်။

ထို့ပြင် အလုပ်သမားကြီးများအပါအဝင် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို သပ်လျှိုဖြိုခွဲနိုင်ရန် မဟုတ်မမှန်သော လုပ်ကြံစွပ်စွဲချက်များဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင် ဖန်တီးလုပ်ဆောင်လျက်လည်း ရှိပါသည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသား အလုပ်သမားကြီးများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကိုလိုနီနယ်ချဲ့လက်အောက်၌ ကျရောက်ခဲ့ရစဉ်က ကိုလိုနီနယ်ချဲ့များ၏ ဖိနှိပ်ချုပ်ချယ်မှု၊ အစီအစဉ်တကျ သွေးခွဲသပ်လျှိုမှု၊ စီးပွားရေးအရ သွေးစုပ်ခြယ်လှယ်မှုတို့ကို ခါးစည်းခံစားရင်း အလုပ်သမား၊ လယ်သမားများနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်ကာ မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သည့် ကောင်းမြတ်သည့် သမိုင်းအစဉ်အလာရှိထားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ အလုပ်သမားကြီးများအနေဖြင့် နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာကောင်းများ၊ အလုပ်သမား၊ လယ်သမား၊ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှု ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းများနှင့်အညီ မသမာသူအဖျက်သမားများနှင့်တကွ တိုင်းတစ်ပါး၏ စွက်ဖက်နှောင့်ယှက်မှု၊ သွေးခွဲသပ်လျှိုမှုတို့ကို ကြံ့ကြံ့ခံ တွန်းလှန်သွားကြရန် တိုက်တွန်းလိုပါသည်။

ထို့အပြင် သမိုင်းဖြစ်စဉ်အဆင့်ဆင့်တွင် အကြိမ်ကြိမ် မှတ်ကျောက်တင်ခံနိုင်ခဲ့သည့် မြန်မာအလုပ်သမားထုကြီး၏ သူ့ကျွန်မခံစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပိုမိုတိုးပွားခိုင်မာစေလျက် စည်းလုံးညီညွတ်သော အမျိုးသားရေး စွမ်းအားစုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ဆက်လက်ရပ်တည်သွားကြရန်လည်း တစ်ဆက်တည်း တိုက်တွန်းလိုပါသည်။

လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား–

ယနေ့အချိန်အခါတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အလုပ်သမားအခွင့်အရေးများနှင့်တကွ နိုင်ငံသူ၊ နိုင်ငံသား အခွင့်အရေးများ ခိုင်ခိုင်မာမာဖြစ်ထွန်းစေရေး၊ လောကပါလတရားနှစ်ပါးနှင့် တရားမျှတမှုကိုအခြေခံသော ညီညွတ်မျှတသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီးဖြစ်ပေါ်လာစေရေးတို့အပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒများကို ကမ္ဘာတည်သရွေ့ ထိန်းသိမ်းမြှင့်တင်ပေးနိုင်စေရေးအတွက် တည်ငြိမ်ခိုင်မာသည့် အခြေခံကောင်းများကို တည်ဆောက်ပေးမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို မကြာမီ ကျင်းပတော့မည်ဖြစ်ရာ အလုပ်သမားထုကြီး၏ ကိုယ်စားလှယ်များသည်လည်း အစုအဖွဲ့တစ်ရပ်အဖြစ် ပါဝင်တက်ရောက်ဆွေးနွေး ဆုံးဖြတ်နိုင်သည့်အခွင့်အရေးများ ရရှိထားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ အလုပ်သမားထုကြီးကလည်း မိမိတို့၏ ကောင်းမြတ်သော သမိုင်းအစဉ်အလာများနှင့်အညီ အခြားသော အမျိုးသားရေးစွမ်းအားစုများနှင့် ညီညီညွတ်ညွတ် လက်တွဲလျက် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးမှအစပြု၍ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

ဤကဲ့သို့ အမျိုးသားရေးအတွက် အလွန်အရေးပါလှသော အချိန်အခါသမယတွင် အလုပ်သမားကြီးများအားလုံးက စည်းလုံးညီညွတ်စွာဖြင့်–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး အမြန်ဆုံး ပေါ်ထွန်းလာရေးအတွက်သော်လည်းကောင်း၊**
- **အမျိုးသားစီးပွားရေးဘဝ တိုးတက်စည်ပင်ခိုင်မာတောင့်တင်းရေးအတွက်သော်လည်းကောင်း၊**
- **နိုင်ငံသူ၊ နိုင်ငံသားများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက်သော်လည်းကောင်း၊**
- **ပြည်ထောင်စုကြီး စုစည်းခိုင်မာစွာ အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက်သော်လည်းကောင်း**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ စည်းစည်းလုံးလုံး တက်တက်ကြွကြွ ဝီရိယအားအပြည့်အဝဖြင့် ဆက်လက်ကြိုးပမ်း အားထုတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန ပြန်တမ်းဝင်အရာရှိသစ်များ အခြေခံသင်တန်းဆင်း

ရန်ကုန် ဧပြီ ၃၀

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတ ရေနံအခြေစိုက်စခန်း သင်တန်းခန်းမဆောင်၌ ကျင်းပသည့် ပြန်တမ်းဝင် အရာရှိသစ်များ အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၄) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။ ဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး **(အောက်ပုံ)** ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အကြိုဝန်ထမ်းလောင်းသင်တန်းအမှတ်စဉ်(၁၅)တွင် သင်တန်းသား စံပြဆု၊ သင်တန်းသားစာပေပထမဆု၊ သေနတ်ပစ် ထူးချွန်ဆုများရရှိပြီး ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သင်တန်းသားအရာရှိသစ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ပြန်တမ်းဝင်အရာရှိသစ်များ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၀၄)သို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးဌာန၊ ရေနံတူးဖော်ရေးဌာန၊ ရေနံထုတ်လုပ်ရေးဌာန၊ အုပ်ချုပ်ရေးဌာန၊ အင်ဂျင်နီယာလုပ်ငန်းဌာနတို့မှ ပြန်တမ်းဝင်အရာရှိသစ် ၆၈ ဦး တက်ရောက်ကြသည်။ သင်တန်းတွင် မြန်မာနိုင်ငံ ကုန်းပိုင်း ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများ၊ အင်ဂျင်နီယာလုပ်ငန်းများ၊ အထွေထွေစီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းခွင် စည်းကမ်းဆိုင်ရာများကို သင်ကြားပို့ချခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁–၅–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိတ တရားတော် "တေဝိဓ္ဓသုတ်"**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅	၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀	၇။ မြန်မာသံစဉ်ချိုနှားဝင်
၄:၅၀	၈။ မျိုးချစ်တပ်မတော်
၅:၀၀	၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် – Legal Forms and Business Organization (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀	၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၀၀	၁၂။ **English Premier League ဘောလုံးပွဲ အာစင်နယ်နှင့် ဘာမင်ဂမ်**
၈:၀၀	၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း–၃၈)**
	၁၈။ သင့်အတွက်မနက်ဖြန်
	၁၉။ အပိတ်နှုတ်ဆက်စကား
	၂၀။ ပြီးပါပြီ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာ ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင် ဆီအုန်းလုပ်ငန်း အပါအဝင် စိုက်ပျိုးရေး လုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ဆီအုန်းလုပ်ငန်း အပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

❒ **စိုက်ပျိုးရေးမှ**

ယင်းလမ်းညွှန်မှုများနှင့် အညီ စိုက်ပျိုးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား နိုင်ငံတော်အပိုင်းက လိုအပ်သည့် ပံ့ပိုးကူညီမှုများဖြင့် အားပေးပျိုးထောင်လျက်ရှိကြောင်း။

ရှင်းလင်းပြောကြားခဲ့ပြီး

ဆီအုန်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည့် ယခင်အစည်းအဝေးများ၌လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် လုပ်ကိုင်နိုင်မည့် မြေယာများချထားပေးမည်၊ ကူညီပံ့ပိုးဆောင်ရွက်ပေးသင့်သည့်ကိစ္စများကို အတတ်နိုင်ဆုံးအကူအညီပေးမည်၊ တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်စောင့် ရှောက်သွားမည်ဖြစ်ကြောင်း မိမိအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ထပ်မံရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်ညီလက်ညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုလျှင် အောင်မြင်မှုများရရှိမှာဖြစ်ကြောင်း။

ဖြည့်ဆည်းပေးနေ

သို့ရာတွင် လုပ်ငန်းဆောင်ရွက်ကြရာ၌ အခက်အခဲ အနည်းနှင့်အများ တွေ့ကြုံရမှာဖြစ်ကြောင်း၊ ယင်းအခက်အခဲများကို ပြေလည်စေရန် နိုင်ငံတော်အပိုင်းက တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း။

ဥပမာ စိုက်ပျိုးရေးတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို နည်းလမ်းအသွယ်သွယ်ဖြင့် မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် လျှပ်စစ်စွမ်းအားနှင့် စွမ်းအင်တိုးမြှင့်ရရှိရေး၊ စက်မှုကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးနှင့် စက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းရေးလုပ်ငန်းများကို စီမံချက်များဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကစိုက်ပျိုးရေးလုပ်ကွက်ကြီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်သွားမှာဖြစ်ကြောင်း။

အောင်မြင်အောင်ကြိုးပမ်း

စီမံခန့်ခွဲမှုအားကောင်းသည့် အရင်းအနှီးရှိသည့် တိုင်းရင်းသား လုပ်ငန်းရှင်များသည် ဖွဲ၊ သတ္တိအရင်းခံ၍ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ကြိုးပမ်းကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းကလည်း ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် စပါးသီးနှံအပြင် ဝါ၊ ကြံနှင့် ရော်ဘာတို့ကို ဈေးနှုန်းကန့်သတ်၍ ဝယ်ယူခြင်း မပြုလုပ်တော့ဘဲ လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ခွင့်လည်း ပြုထားပြီးဖြစ်ကြောင်း။

သို့ရာတွင် နိုင်ငံတော်နှင့်ပြည်သူအများ၏ အကျိုးစီးပွားအတွက် လောလောဆယ် ဆန်စပါး၊ ဝါနှင့် ကြံတို့ကို ပြည်ပသို့ တင်ပို့ခွင့်မပြုသေးဘဲ ရော်ဘာကိုသာ တင်ပို့ခွင့်ပြုထားသေးကြောင်း။

ရေရှည်၌ ပို၍တိုးတက်မည်

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများနှင့် ပြည်ပပို့ကုန်လုပ်ငန်းများသည် ရေရှည်၌ ပို၍တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း။

ထို့ကြောင့် လုပ်ငန်းများကို မှန်မှန်ကန်ကန် မျှမျှတတ ဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

လုပ်ငန်းရှင် ၁၈ ဖွဲ့

ထို့နောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်က ၁၉၉၃ခုနှစ်မှစ၍ တနင်္သာရီတိုင်းတွင် ဆီအုန်းစိုက်ပျိုးနိုင်ရန် တိုင်းရင်းသား လုပ်ငန်းရှင်များအား မြေနေရာများချထားပေးခဲ့မှု၊ ကုမ္ပဏီ ၁၇ခုက မြေယာရယူခဲ့မှုနှင့် အမှန်စိုက်ပျိုးနိုင်မှု၊ ယခုနှစ်အတွင်း ဆီအုန်းစိုက်ပျိုးလိုသည့် တိုင်းရင်းသားလုပ်ငန်းရှင်အဖွဲ့ ၁၈ဖွဲ့အား မြေနေရာရရှိရန် စီစဉ်ဆောင်ရွက်ပေးထားမှု၊ လုပ်ငန်းရှင်များက အဆိုပါနေရာများသို့ သွားရောက်လေ့လာခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တနင်္သာရီတိုင်း၏ ရေ၊ မြေ အနေအထားနှင့် ဆီအုန်း စိုက်ပျိုးရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များက မြေနေရာများရယူရာတွင် အမှန်တကယ် ဖြစ်ထွန်းနိုင်သည့် နေရာများရွေးချယ်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွှန့်တင်က မြေလွတ်၊ မြေရိုင်းများကို ခွဲဝေချထားရာ၌ လုပ်ကိုင်ခွင့်၊ လုပ်ပိုင်ခွင့်ပြုသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သစ်တောပိုင်မြေကို ဆီအုန်းစိုက်ပျိုးရန် လုပ်ကိုင်ခွင့်၊ လုပ်ပိုင်ခွင့်ပြုသွားမည့် စည်းကမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သစ်တောများ ရေရှည်တည်တံ့ရေးကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်က ဆီအုန်းလုပ်ငန်းနှင့် စပ်လျဉ်းသည့် ဘဏ်ချေးငွေ အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

စက်ပစ္စည်းတင်သွင်းရေး

ဆက်လက်၍ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းရှင်များက တနင်္သာရီတိုင်းတွင် ဆီအုန်းစိုက်ပျိုးရန် မြေနေရာရယူသွားမည့် အခြေအနေများ၊ ဆီအုန်းဆီကြိတ် စက်ရုံတည်ဆောက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက စက်ပစ္စည်းတင်သွင်းရေးကိစ္စများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက လိုအပ်သည်များကို ထပ်မံမှာကြားသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်အောင် တည်ဆောက်လျက်ရှိရာ၌ အခြေခံအားဖြင့် နိုင်ငံတော်၏ စီးပွားရေးခိုင်မာဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သကဲ့သို့ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လည်း အရေးကြီးကြောင်း။

လိုအပ်ချက်များရှိ

စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ အရင်းအနှီး၊ အတတ်ပညာ၊ လူ့အရင်းအမြစ် စသည့် လိုအပ်ချက်များရှိကြောင်း။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရန်အတွက် မိမိနိုင်ငံ၌ မြေ၊ ရေ၊ သင့်တင့်မျှတသည့် ရာသီဥတုနှင့် လုပ်ငန်းအတွေ့အကြုံများရှိပြီးဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍမှာ ပိုမိုမြန်ဆန်စွာ ဖွံ့ဖြိုးလာနိုင်ကြောင်း။

ဖြည့်စွက်ဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ မိမိတို့ဘိုးစဉ်ဘောင်ဆက်ကတည်းက လုပ်ကိုင်ဆောင်ရွက်လာသည့် လုပ်ငန်းဖြစ်၍ ခေတ်မီသည့် စိုက်ပျိုးရေးအတတ်ပညာ၊ အရင်းအနှီးနှင့် ကြိုးစားဆောင်ရွက်မှုတို့ဖြည့်စွက်ဆောင်ရွက်ရန်သာလိုကြောင်း။

အရင်းအနှီးနှင့် အတတ်ပညာရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြေဧကများ ရယူထားရာ စုစုပေါင်း မြေဧက ကိုးသိန်းကျော်ရှိကြောင်း။

ဖိဖိစီးစီးကြိုးပမ်း

ထို့ကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရယူထားသည့် မြေဧရိယာများ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော် အပိုင်းကလည်း လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ တိုင်းရင်းသား လုပ်ငန်းရှင်များက မြေလွတ်မြေရိုင်းဖော်ထုတ်စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်မှုများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့က နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအပိုင်းက စေတနာထားပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က လုပ်ငန်းရှင်များ၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအလိုက် ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စများ၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စများ၊ စိုက်ပျိုး၍မရနိုင်သည့်မြေများ၌ ငါးကန်၊ ပုစွန်ကန်များတူးဖော်၍ ခေတ်မီ ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းဆောင်ရွက်နိုင်ပုံများကို ဖြည့်စွက်ရှင်းလင်း ပြောကြားကြသည်။

ပိုမိုအောင်မြင်ရေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြား၍ နိဂုံးချုပ်အမှာစကား ပြောကြားရာ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိုက်ပျိုးရေးလုပ်ကွက်များ ပိုမိုအောင်မြင်ဖြစ်ထွန်းရေးအတွက် ကုမ္ပဏီအလိုက် သီးနှံသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို ယခုကတည်းကပင် ပူးတွဲဆောင်ရွက်မှသာ ရေရှည်၌ အထွက်ကောင်းမျိုးများ လုံလောက်စွာ ထုတ်လုပ်နိုင်မှာဖြစ်၍ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ယနေ့ညှိနှိုင်းဆွေးနွေးချက်များအနက် မိမိတို့အပိုင်းက တာဝန်ယူဖြေရှင်းပေးရမည်များကို တာဝန်ယူ ဖြေရှင်းပေးသွားမှာဖြစ်ကြောင်း။

တစ်ဖက်မှ ကုန်ထုတ်လုပ်မှုတိုးတက်သည်ထက် တိုးတက်ရေးကို အားထုတ်ကြိုးပမ်းသကဲ့သို့ ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ကလည်း ထိထိမိမိ တက်တက်ကြွကြွ တိုးချဲ့တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူထုတ်လုပ်ရေးကိုလည်း စိတ်ပါဝင်စားပြီး အားပေးပါဝင်ကူညီရန်လိုကြောင်း။

ခိုင်မာသည့်ဈေးကွက်

သို့မှသာ သီးနှံနှင့် သားငါးများ ပိုလျှံကာ ပို့ကုန်အပိုင်းတွင် ပိုမိုမြင့်မားလာပြီး ခိုင်မာကျယ်ပြန့်သော ဈေးကွက်ရရှိလာမှာဖြစ်ကြောင်း၊ ခိုင်မာသည့် ဈေးကွက်ရရှိမှုလည်း စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်၌ တည်ငြိမ်ဖွံ့ဖြိုးမှု အားကောင်းသည့် စီးပွားရေးပတ်ဝန်းကျင် ဖြစ်ပေါ်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အားလုံးက စေတနာနှင့် ကျယ်ပြန့်သော အသိအမြင်ကိုအခြေခံ၍ လုပ်ငန်းများကို ကြိုးစားပမ်းစား ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ

မေလ (၅) - (၁၁) ရက်

အမှတ် ၂၊ အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဆုတောင်းပြည့် ကြေးတော်ကြီးဘုရားတရားပွဲ

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် အမှတ်(၃)ဝိုင်း၊ ဒေးဒရဲ ကျောင်းတိုက်တွင် သီတင်းသုံး အပူဇော်ခံလျက်ရှိသော တိလောကာဓိပတိ မဟာမုနိ ပေးမကုန်ဘေးလုံဒေသစာရီ ကိုးနဝင်းဆုတောင်းပြည့် ကြေးတော်ကြီးဘုရား၌ နိုင်ငံကျော် နယ်လှည့် ဓမ္မကထိက ဗဟုဇနဟိတရေ ကမ္မဋ္ဌာနာစရိယ သီရိမင်္ဂလာ မဟာစည် ရိပ်သာ တွံတေး အရှင်ဣန္ဒကက ၁၃၆၆ခု ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ ၃ရက် ည ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

❀ **အမျိုးသားညီလာခံမှ**

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်က ၂၀၀၄ခုနှစ် မေ ၁၇ရက်တွင် ကျင်းပမည့် အမျိုးသားညီလာခံအတွက် လုပ်ငန်းကော်မတီက ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က အမျိုးသား ညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဝန်ထမ်းများအား တာဝန်ချထားသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးတင်ပြကြပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက နိဂုံးချုပ် အမှာစကား ပြောကြားကာ (၂/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကို နံနက်ပိုင်းတွင်ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီဝင်များသည် အမျိုးသားညီလာခံကျင်းပမည့် ပြည်ထောင်စုခန်းမအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ လုပ်ငန်းကော်မတီရုံးဝင်းအတွင်းရှိ အစုအဖွဲ့များမှ ကိုယ်စားလှယ်များ ဆွေးနွေးကြမည့် ဆွေးနွေးပွဲခန်းမများနှင့် လုပ်ငန်းကော်မတီ အစည်းအဝေးခန်းများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ (၂/၂၀၀၄) ကြိမ်မြောက် အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် လန်ဒန်၌ကျင်းပ

ရန်ကုန် ဧပြီ ၃၀

မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ၂၀၀၄ခုနှစ် ဧပြီ၁၈ရက် နံနက်၁၁နာရီခွဲမှ ညနေ၃နာရီအထိ ယူကေနိုင်ငံ၌ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအတွက် မြန်မာအသင်းကြီး(ယူကေ)၏ ဦးဆောင်မှုဖြင့် အသင်းကြီး၏အမြဲတမ်း နာယက ယူကေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်မြက်ခင်းပြင်၌ အောင်မြင်စွာ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ သင်္ကြန်မိုးရွာသွန်းနေသော်လည်း မြန်မာအသင်းကြီး(ယူကေ)၏ နာယကကြီးများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသားများ၊ အခြားမြန်မာနိုင်ငံသားများ၊ မိတ်ဆွေဗြိတိသျှနိုင်ငံသားများ အပါအဝင် စုစုပေါင်း၂၅၀ခန့် တက်ရောက်ခဲ့ကြသည်။

သင်္ကြန်ပွဲတော် အခမ်းအနားတွင် ယူကေနိုင်ငံရောက် မြန်မာတေးဂီတ ဝါသနာရှင်များကလည်း မြန်မာသင်္ကြန်သီချင်းများကိုသီဆိုကြပြီး မြန်မာအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် Liverpoolမြို့ရှိ Myanmar Bando-Thaing Martial Artအဖွဲ့မှ ခေါင်းဆောင် Master "Saya" Richard Morris နှင့် ချန်ပီယံ Mr. Paul Keogh တို့ခေါင်းဆောင်ကာ မြန်မာဗန်ဒို-သိုင်းစွမ်းရည်သရုပ်ပြဖြင့်လည်း ဖျော်ဖြေကြသည်။

ထို့အပြင် အသင်းသား၊ အသင်းသူများက မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာများကို ဈေးနှုန်း ချိုသာစွာဖြင့် စုံလင်စွာ ရောင်းချကြသည်။

မြန်မာအသင်းကြီး (ယူကေ)က ဦးဆောင်၍ ယူကေနိုင်ငံရောက် မြန်မာမိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ စည်းလုံးညီညွတ်စွာဖြင့် ကျင်းပခဲ့သော သင်္ကြန်ပွဲတော်ကို ညနေ ၃နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

ဧပြီ၂၉ရက်က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်စာပေညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကဦးကျော်ညွန့်(ကျော်ညွန့်ရည်) - ဒေါ်ဝါဝါကျော်တို့က ငွေကျပ် ၅၀၀၀၀၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌဦးတင်ခ(တက္ကသိုလ်တင်ခ) က လက်ခံစဉ်။

(သတင်းဖော်ပြပြီး)

ရန်ကုန်မြို့တော်အတွင်း မြို့နယ်များနှင့်နယ်မြို့နယ်များတွင် လျှပ်စစ်ဓာတ်အားခေတ္တပိတ်မည်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်မြို့ အလုံနှင့် ရွာမ ဓာတ်ငွေ့သုံးဓာတ်အာပေးစက်ရုံများသို့ ဓာတ်ငွေ့ပို့လွှတ်ပေးနေသော ညောင်တုန်း-ရွာမ ၁၄လက်မ ဓာတ်ငွေ့ပိုက်လိုင်းအား ပိုက်လိုင်းပေါင်းခြင်းလုပ်ငန်းများကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ မေ၁ရက်၊၂ရက်နှင့် ၃ရက်တို့တွင် နေ့စဉ်နံနက် ၆နာရီမှ ညနေ ၆နာရီအထိ ဆောင်ရွက်မည်ဖြစ်သည်။

၎င်းလုပ်ငန်းဆောင်ရွက်စဉ် အလုံဓာတ်အားပေးစက်ရုံနှင့် ရွာမဓာတ်အားပေးစက်ရုံများမှ ဓာတ်အားပေးစက်များနှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်တို့ကို မေ၁ရက်နှင့် ၂ရက်တို့တွင်လည်းကောင်း၊ ရွာမစက်ရုံမှ ဓာတ်ငွေ့တာဘိုင်များကို မေ၃ရက်အထိလည်းကောင်း ရပ်ထားမည်ဖြစ်သည်။ထိုရက်များတွင် နံနက် ၆နာရီမှညနေ၆နာရီအထိ နေရာဒေသအချို့အား လျှပ်စစ်ဓာတ်အား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်းနှင့် ညနေ၆နာရီ နောက်ပိုင်းအချိန်များတွင် ပုံမှန်အတိုင်းဓာတ်အားဖြန့်ဖြူးပေးထားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာ/ အခွန်က စည်ပင်ကိုတစ်ဂိုးဖြင့်နိုင် အမှတ်ပေးချန်ပီယံဘွဲ့ ထပ်မံရရှိ

ရန်ကုန် ဧပြီ ၃၀

၂၀၀၃-၂၀၀၄ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက မြို့တော်စည်ပင်အသင်းကို တစ်လုံးတည်းသောဂိုးဖြင့်အနိုင်ရရှိသွားသည်။

ဘဏ္ဍာ/အခွန်အသင်း တစ်ဂိုး။

(စိုးလင်းထွန်း)

မြို့တော်စည်ပင်အသင်း ဂိုးမရှိ။

အကောင်းဆုံးဆု

စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)

ဒိုင်လူကြီး ဦးထွန်းထွန်း။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းသည် ယခုပွဲတွင် မြို့တော်စည်ပင်ကို အနိုင်ရလိုက်၍ အဆင့်မြင့်တန်းအမှတ်ပေးချန်ပီယံဘွဲ့ ဆက်လက်ရရှိသွားပြီဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်းသည် ယခုပွဲသရေ(သို့မဟုတ်)အနိုင်ရလျှင် ချန်ပီယံဘွဲ့ကို အမှတ်အသာဖြင့် ပြိုင်ပွဲမပြီးခင် ဗိုလ်စွဲမည်ဖြစ်၍ အနိုင်ရရှိရေးအားထည့်ကစားသလို စည်ပင်ကလည်း နောက်ဆုံးပွဲ၌ ကာကွယ်ရေးကို ဂိုးပြတ်အနိုင်ရထား၍ အားတက်နေခဲ့ရာ ယနေ့ပွဲ ဆက်လက် အနိုင်ရရေး ကစားခဲ့၍ သူတင်ကိုယ်တင်ရှိခဲ့သည်။

ပထမပိုင်းတွင် ဂိုးမရှိသရေဖြစ်နေပြီး ဒုတိယပိုင်းတွင် စည်ပင်ကစားအားကျသွား၍ ဘဏ္ဍာ/အခွန်ပိုမိုဖိကစားလာနိုင်ကာ တစ်လုံးတည်းသော အနိုင်ဂိုးကို ၃၂မိနစ်တွင် စိုးလင်းထွန်းက အဝေးမှ အမှတ်မထင် ကန်သွင်းခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာ/အခွန် အသင်းသည် လက်ကျန်တစ်ပွဲကစားရန် ကျန်သေးသော်လည်း အမှတ်ပေးချန်ပီယံဖြစ်သွားပြီဖြစ်သည်။

မေ ၁ ရက်(ယနေ့)တွင် ပြိုင်ပွဲမရှိဘဲ မေ ၄ ရက်တွင် အောင်ဆန်းကွင်း၌ ပို့ဆောင်ရေးနှင့်စီးပွား/ကူးသန်း၊သုဝဏ္ဏကွင်း၌ ကာကွယ်ရေးနှင့် သတ္တုတွင်းတို့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (ကြေးမုံ)

(၁၈၄)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ မေ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၃၀

(၁၈၄)ကြိမ်မြောက် ငွေကျပ် ၅၀တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို မေ ၁ ရက် နံနက် ၉နာရီတွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄)မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ငွေကျပ် ၅၀ တန်ထီ (၁၈၄)ကြိမ်မြောက်တွင် အက္ခရာ၃၄လုံး၊ ထီစာအုပ် ၂၇၈၁၈၂ အုပ်ကို ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင်ရောင်းချခဲ့ရသဖြင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၃၀၀တစ်ဆု၊ ငွေကျပ်သိန်း ၅၀ ၂၉ဆု၊ ငွေကျပ်၂၅သိန်း ၁၅ဆု၊ ငွေကျပ်ခြောက်သိန်း ၅၉၄ဆု၊ ငွေကျပ်ငါးသိန်း နှစ်ဆု၊ ငွေကျပ်လေးသိန်း လေးဆု၊ ငွေကျပ်နှစ်သိန်း ၁၆ ဆု၊ ငွေကျပ်တစ်သိန်း ၁၆၂ဆု၊ ငွေကျပ်ရှစ်သောင်း ၂၆ဆု၊ ငွေကျပ်ငါးသောင်း ၁၆၂၀ဆု၊ ငွေကျပ်လေးသောင်း ၄၇ဆု၊ ငွေကျပ်နှစ်သောင်း၃၃၄ဆု၊ငွေကျပ်တစ်သောင်း ၁၆၂၀၀ဆု စုစုပေါင်း ၁၉၀၅၀ဆု ဖြစ်သည်။

ယခု(၁၈၄)ကြိမ်မြောက်ငွေကျပ် ၅၀ တန်ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ၇-၅-၂၀၀၄ မှစ၍ လက်ခံ ဆောင်ရွက်ပေးမည် ဖြစ်သည်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ် အက်ဖ်အမ်အိုင်စီးတီးသစ်ခွလမ်းမကြီး၊ အမှတ်(၅) နေ ကွယ်လွန်သူဒေါ်ဝမ်ဖွေ(၉၁)နှစ်အား ရည်စူး၍ သားသမီးမြေးတစ်စုတို့က ဆွမ်းပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ဧပြီ၁၉ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အထက(၁)BTR ၏ ရာပြည့်အကြိုမဂ္ဂဇင်းဖြစ်မြောက်ရေးတွေ့ဆုံညှိနှိုင်းမည်

ရန်ကုန် ဧပြီ ၃၀

ပခုက္ကူမြို့ အထက(၁)ယခင် BTR အထက်တန်းကျောင်း ရာပြည့်အကြိုမဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကြည်၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့်နှင့် ရန်ကုန်ရောက်ကျောင်းသူ၊ ကျောင်းသားဟောင်းများမဂ္ဂဇင်းဖြစ်မြောက်ရေး တွေ့ဆုံညှိနှိုင်းပွဲကို မေ၃ရက် (တနင်္လာနေ့) နံနက်၉နာရီတွင် မဟာသိမ်တော်ကြီးဓမ္မာရုံ ပန်းဘဲတန်းမြို့နယ်တွင် ပြုလုပ်မည်ဖြစ်ရာ စုံညီစွာ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ (က-ပ)

ထူးခြားသည့်နေ့အပူချိန်များ

(၃၀-၄-၂၀၀၄)

မကွေးမြို့	၄၂ ဒီဂရီစင်တီဂရိတ် (၁၀၇ ဒသမ ၆ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်မြို့	၃၇ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၁၀၀ဒီဂရီဖာရင်ဟိုက်)

ထိုင်းနိုင်ငံ Department of Export Promotion, Ministry of Commerce မှ

ထိုင်း ကုန်စည်ပြပွဲကြီး

Thailand Exhibition '2004

05-08 MAY 2004
Yangon Trade Center
Upper Pazundaung Road
10:00 am to 06:00 pm daily

THAILAND

05-06 May 04 : Trade days (with entrance ticket)
07-08 May 04 : Public days

TTF(Yangon)Co.,Ltd
email: ttf@mptmail.net.mm

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် (လှိုင်သာယာ)နှင့် မန္တလေးနည်းပညာတက္ကသိုလ်များတွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ်၊ မေလ(၂၇)ရက်နေ့တွင် စတင်ဖွင့်လှစ်မည့် အောက်ပါမဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများအတွက် လျှောက်လွှာများ ခေါ်ယူအပ်ပါသည်။

ဖွင့်လှစ်မည့်သင်တန်းများ

(၁) M.E.(Civil)	(၈) M.E.(Mining)
(၂) M.E.(Mechanical)	(၉) M.E.(Textile)
(၃) M.E.(Electrical Power)	(၁၀) M.E.(Petroleum)
(၄) M.E.(Electronic)	(၁၁) M.E.(Metallurgy)
(၅) M.E.(Information Technology)	(၁၂) M.E.(Aeronautical)
(၆) M.E.(Mechatronic)	(၁၃) M.E.(Architecture)
(၇) M.E.(Chemical)	

၂။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။
(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(၃)ဦးစလုံးသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) သက်ဆိုင်ရာ အဓိက ဘာသာရပ်ဖြင့် B.E./B.Arch. ဘွဲ့ရရှိပြီး၊ မဟာအင်ဂျင်နီယာ သင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူများသာ လျှောက်ထားနိုင်သည်။
(ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းစတင်မည့် (၂၇-၅-၂၀၀၄)ရက်နေ့တွင် အသက်(၃၅)နှစ်ထက်မကျော်လွန်သူများ လျှောက်ထားနိုင်သည်။
(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်တင်ပြရမည်။

၃။ မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါနည်းပညာတက္ကသိုလ်/ နည်းပညာကောလိပ်များ မှ အောင်မြင်သူများကို လက်ခံသင်ကြားပေးမည်ဖြစ်၍ အဆိုပါ နည်းပညာတက္ကသိုလ်/နည်းပညာကောလိပ်များမှ အောင်မြင်သူများသည် မန္တလေးနည်းပညာတက္ကသိုလ်တွင် လျှောက်ထားရမည်။

မန္တလေးနည်းပညာတက္ကသိုလ်၊ မြစ်ကြီးနား GTC၊ ဗန်းမော်GTC၊ လားရှိုးGTC၊ ကလေးGTC၊ မုံရွာGTC၊ မန္တလေးGTC၊ ကျောက်ဆည်GTC၊ မိတ္ထီလာGTC၊ မကွေးGTC၊ ပခုက္ကူGTC၊ အေးသာယာGTC၊ ကျိုင်းတုံGTC၊ လွိုင်ကော်GTC၊ ပင်လုံGTC၊

၄။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ)တွင် အောက်ပါနည်းပညာ တက္ကသိုလ်/နည်းပညာကောလိပ်များမှ အောင်မြင်သူများကို လက်ခံသင်ကြားပေးမည်ဖြစ်၍ အဆိုပါ နည်းပညာတက္ကသိုလ်/ နည်းပညာကောလိပ်များမှ အောင်မြင်သူများသည် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ) တွင် လျှောက်ထားရမည်။

ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ)၊ ပြည်နည်းပညာတက္ကသိုလ်၊ တောင်ငူGTC၊ ပြည် GTC၊ စစ်တွေ GTC၊ ဟင်္သာတGTC၊ ပုသိမ်GTC၊ မှော်ဘီ GTC၊ သန်လျင်GTC၊ မြိတ်GTC၊ မော်လမြိုင်GTC၊ မအူပင်GTC၊ ဘားအံ GTC၊ ထားဝယ်GTC၊

၅။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သက်ဆိုင်ရာ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ)နှင့်မန္တလေးနည်းပညာတက္ကသိုလ်များတွင် (၁၄-၅-၂၀၀၄)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ အခြားသိလိုသည်များရှိပါက ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း) ဖုန်း-၀၁-၆၄၂၅၆၀၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ) ဖုန်း-၀၁-၇၀၀၇၀၆နှင့် မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၈၈၇၅၆ကျောင်းသားရေးရာဌာနများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

(၂၇)နှစ်မြောက်မင်္ဂလာဆုမွန်

ချစ်ဖေဖေ ဗိုလ်မှူးကြီးသန်းညိန်း (ဒုတိယဥက္ကဋ္ဌ၊မြန်မာနိုင်ငံတော် ဗဟိုဘဏ်)နှင့် ချစ်မေမေ ဒေါ်ခင်သွယ်သွယ်မြင့် (ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏ ၁-၅-၂၀၀၄ နေ့တွင် ကျရောက်သော (၂၇)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် တိုင်းပြည်အကျိုးကို အောင်မြင်စွာ ထမ်းဆောင်နိုင်စေရန် ဆုမွန်ခြွေလျက်-

ချစ်သားကြီး - ဗိုလ်နိုင်ညိန်း (M.B.,B.S)
ချစ်သားငယ် - ဗိုလ်လောင်းချမ်းညိန်း

မွေးနေ့မင်္ဂလာဆုတောင်း

သမီးလေး ခင်ချောကို (ကိုကို) (ခ) မပုလဲ 3rd M.B. (IM-1) ၏ (၂၉-၄-၂၀၀၄)ရက်နေ့တွင် ကျရောက်သော(၁၉)နှစ်ပြည့်မွေးနေ့မှသည် နှစ်တစ်ရာတိုင် ဖေဖေ၊မေမေ၊ကိုကြီး၊မမ၊ညီမလေးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာလျှောက်လှမ်းနိုင်ပါစေ-

ဖေဖေ - ဗိုလ်မှူး ကိုကိုလေး[ဒု-ညွှန်ကြားရေးမှူး၊ တဆရ(၁) ရေအားလျှပ်စစ်ဦးစီးဌာန]
မေမေ - ဒေါ်သန်းသန်းဌွေး
ကိုကြီး - ပုည 3rd Yr. LL.B+ မမ - မေဇွန်ဦး 3rd Yr. LL.B
ညီမလေး - ဇင်လေးမွန် 2nd Yr. Eco.

ဖျာပုံမြို့နယ်အသင်း ဂုဏာပူဇာသဘင်ကျင်းပမည်

ရန်ကုန် ဧပြီ ၃၀

ဖျာပုံမြို့ မဟာပုညာရာမ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လအရှင်သူမြတ်အား နိုင်ငံတော်ကအဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်ခဲ့၍ တပည့်ဒါယကာ၊ဒါယိကာမများက ထပ်ဆင့်၍ ဂုဏာပူဇာ မင်္ဂလာ အခမ်းအနားကို မေ၉ရက် နံနက်၉နာရီတွင် ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်း၊ အမှတ်(၃၀)ရှိ ဖျာပုံမြို့နယ် အသင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။ ဒါယကာ၊ဒါယိကာမများ ကြွရောက်ပူဇော်ကြရန်နှင့်လှူဒါန်းလိုသူများသည် ဖျာပုံမြို့နယ် အသင်းတိုက် ဖုန်း-၂၉၁၀၈၃သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

လေလံကြော်ငြာ
မြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရှုပ်ရှင်လုပ်ငန်း (မိုးချုပ်)
Mazda E-2000 Light Truck

KHIND ခင်ကမ္ဘာ
Electrical Home Appliances
SMART COOLING SENSOR နှင့် HIGH ENERGY SAVING ပါရှိပြီး COMPRESSOR (၂) နှစ်
SPLIT TYPE AIRCON
KACS-09 CR4 (1.0 HP) 175000
KACS-12CR4 (1.5 HP) 210000
PROJECT, HOTEL, RESTARAUNT
MULTI BRAND ELECTRONICS
NO.200
EXT- 2244
MK
ShowRoom & Service Centre
☎: (01) 380475, (01) 240935, (01) 700904

FAME
Hepa-B "အထူးအသည်းအားဆေး"
GMP & ISO 9001:2000

Hepatitis B virus
FAME Pharmaceuticals

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

Y.E.S. အင်္ဂလိပ်စကားပြော သင်တန်းများ
Basic Spoken English MAY - 10, 15,17,24
Pre-Intermediate English MAY - 4, 17
Intermediate English & IELTS MAY-17,22
TOEFL & Basic Writing Course MAY-10,17
VEC, GFC, AWC, SAD (I), SAT (II)/AE
No.119, Y.W.C.A Building, Bogalayzay Street, Botataung TSP.
- 245821

ကိုးနဝင်းဆည်ဦးစေတီ ဗုဒ္ဓပူဇနီယပွဲ ကျင်းပမည်

လှည်းကူး မေ ၂၅

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကလီထော် ရေလှောင်တမံအနီး ရသေ့တောင်ပေါ်တွင် မြန်မာနိုင်ငံ ပြက္ခဒိန်အခါတော်ပေးဆရာကြီး ဦးကျော်အား အမှူးထား၍ ဘုရားဒါယကာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) ဘုရားဒါယိကာမ ဒေါ်နော်ဂေးလီ မိသားစု တည်ထားကိုးကွယ်သော ဆုတောင်းပြည့် မဟာဇေယျမေ့ သိဒ္ဓိကိုးနဝင်း ဆည်ဦးစေတီ (ရန်အောင် မာန်အောင်ဘုရား) ဆဋ္ဌမ အကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို မေ ၃ ရက် (ကဆုန်လပြည့်နေ့) နံနက်တွင် ကျင်းပမည်ဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော်တွင် အနေကဇာတင်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲ၊ ဇောဓိပင်ညောင်ရေသွန်းပွဲ၊ သံဃာတော်များအား ဆွမ်းဆက်ကပ်ပွဲ ကျင်းပမည်ဖြစ်ပြီး ဧည့်ပရိသတ်များအား သက်သတ်လွတ်ထမင်း၊ ဟင်းနှင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပထမကျော်ဘွဲ့ရ ရှင်သာမဏေ ဂုဏ်ပြု စေတနာရှင်များက ဝတ္ထုပစ္စည်းများ ဆက်ကပ်

ကျောက်ပန်းတောင်း မေ ၂၁

နိုင်ငံတော် အစိုးရ၏ ၂၀၀၃ ခုနှစ် ပါဠိပထမပြန် စာမေးပွဲတွင် ပထမကြီးတန်း၌ မြန်မာတစ်နိုင်ငံလုံး ပထမဂုဏ်ထူးဖြင့် ပထမကျော်ဘွဲ့ထူးကို ဆွတ်ခူး အောင်မြင်တော်မူခဲ့သော မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ ခေမာသီဝံ စာသင်တိုက်မှ အသက်(၁၇)နှစ်ရှိ သာမဏေ ရှင်မာနိတအား ချီးကျူးဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၈ နာရီတွင် ခေမာသီဝံ ဓမ္မာရုံကြီး၌ ကျင်းပသည်။

ကြွရောက်တော်မူ

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မကွေးမြို့ သံဃာရာမ ကျောင်းတိုက် အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်ကြီးနှင့် ကျောက်ပန်းတောင်းမြို့နယ် သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ခေမိန္ဒ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူပြီး စေတနာရှင်များ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကြကာ ပထမကျော်ဘွဲ့ ဆွတ်ခူးရရှိသော ရှင်မာနိတအား နိုင်ငံတော်မှ ချီးမြှင့်သော ပထမကျော်ဘွဲ့တံဆိပ်တော်ကို နယ်မြေခံတပ်နယ်ဗိုလ်မှူးချုပ် သန်းထွန်းက ဆက်ကပ်လှူဒါန်း၍ စေတနာရှင်များက ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(၁၉၂)**

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အတွက် အလှူငွေနှင့် ဆွမ်းဆန်တော် ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂၁ ရက်က မော်လမြိုင်ကျွန်းမြို့ ဝေဇယန္တာ ဓမ္မဗိမာန်၌ ကျင်းပရာ မော်လမြိုင် ကျွန်းမြို့ နန္ဒဝန်ဆန်စက်နှင့် မိဘမေတ္တာ ဆန်စက် ပိုင်ရှင် ဦးမောင် လှ၊ ဒေါ်ရွှေစိန်၊ ဒေါ်မြလွင် မိသားစုတို့က အလှူငွေကျပ်သိန်း ၁၅၀ နှင့် ဆွမ်းဆန်တော် အိတ် ၁၀၀ တို့အား မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (၃၆၄)

ရောဝတီတိုင်း ပုသိမ်မြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ဆဋ္ဌမအကြိမ်မြောက် ရွှေသင်္ကန်းကပ်လှူ ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို မတ် ၁၉ ရက်က စေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်တွင် ကျင်းပရာ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးဦးစီးအရာရှိ ဦးမြင့်သန်းနှင့် ရွှေစည်းခုံစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (၅၆၅)

မြို့နယ်သတင်းများ

ကျေးရွာလမ်း ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်

ဝက်လက် ဧပြီ ၁၅

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုအရ ဝက်လက်မြို့နယ် ဆင်နှင်းကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများက ဖွံ့ဖြိုးရေးလမ်းတံတားအား အများပြည်သူများ သွားလာနိုင်ရေးအတွက် ဆင်နှင်းကျေးရွာမှ အလှူရှင်ဦးတင်လှ-ဒေါ်တင်ဆွေ မိသားစု လှူဒါန်းသည့် ကျပ်နှစ်သိန်းကျော်တန် တံတားအား ပြုပြင်တည်ဆောက်ကြသည်။

(အပေါ်ပုံ)

အဆိုပါ လမ်းတံတားနှင့် ကျေးရွာချင်းဆက်လမ်းအား ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများက ကန့်ဖြူ၊ ရေလည်မော်၊ ငါးပတ်ချောင်း၊ မော်ဦးကျေးရွာတို့ ရွာချင်းဆက်လမ်း ဆယ်သွယ်ရေးအတွက် ဖွံ့ဖြိုးရေးလမ်းအဖြစ် ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ကြသည်။ ၎င်းလမ်းမှာ ပေအရှည် ၁၀၀၀ ကျော်၊ အမြင့် လေးပေ၊ အကျယ် ပေ ၂၀ ရှိကြောင်း သိရသည်။ **(၂၃၀)**

သောက်သုံးရေရရှိရေး ကွင်းဆင်းစစ်ဆေး

သီပေါ ဧပြီ ၁၇

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် မြို့တွင်း ရေသွယ်မြောင်းများ ရေရရှိရေး၊ ဖာဖိတ်ရေထွက်နှင့် ဖာဖိတ်ဆည်တစ်လျှောက် နမ့်ပေါ့ချောင်းမှတစ်ဆင့် မြို့လယ်ချောင်းအတွင်း ရေရောက်ရှိရေး၊ ရေတွင်း၊ ရေကန်များ ရေမခန်းမြောက်စေရေးအတွက် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့မိ၊ မြို့ဖများ ပူးပေါင်း၍ မြို့နယ်အတွင်း ရေရရှိရေး၊ မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် မတ် ၂၉ ရက်က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(၂၄၇)**

သာစည်မြို့နယ်တွင် နွေစပါးစိုက်ပျိုး စိုက်ပျိုးရေးဝန်ထမ်းများ နည်းပညာကူညီ

သာစည် ဧပြီ ၁၈

သာစည်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးကျင်မောင်နှင့် ဝန်ထမ်းများသည် တောင်သူများနှင့် ပူးပေါင်း၍ ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် နွေစပါး၊ ရွှေရင်အေး (SR-၄၅၆) စပါးမျိုးကို ဘိုကုန်းကျေးရွာ ကွင်းအမှတ်(၁၈၃၃)၊ မင်းလှကျေးရွာ ကွင်းအမှတ်(၁၈၄၂)နှင့် မြို့မအုပ်စု ကွင်းအမှတ်(၁၈၃၅)တို့တွင် ဧက ၁၀၀ စိုက်ပျိုးထားရာ စိုက်ပျိုးရေးဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီဆောင်ရွက်ပေးမှုကြောင့် ဧက ၁၀၀တိတိ ရှင်သန်အောင်မြင်ဖြစ်ထွန်းလျက်ရှိကြသည်။

အဆိုပါ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် နွေစပါးစိုက်ကွင်းများသို့ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလှသည် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျင်မောင်၊ မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ထွန်းတို့နှင့်အတူ မတ် ၂၅ ရက်တွင် ကွင်းဆင်းသွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်းများအနေဖြင့်လည်း မန္တလေးတိုင်းအတွက် စံချိန်စံနှုန်းမီရေးအတွက် တောင်သူများနှင့် ပူးပေါင်းပြီး စပါးစိုက်ခင်းတိုင်းတွင် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများကို စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးကြသည်။ ထို့ပြင် အပတ်စဉ်လည်း ပိုးမွှားကင်းထောက်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းတို့ကိုပါ တောင်သူများနှင့် ပူးပေါင်း၍ ပါဝင်ဆောင်ရွက်ကြကြောင်းသိရသည်။ **(၄၂၅)**

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းကတ္တရာလမ်းများ ဖာထေးခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မတ် ၂၄ ရက်က ကျွန်းသာယာလမ်း အရှည် ပေ ၃၀၀၊ အကျယ် ၁၂ပေ ကတ္တရာလမ်းမကြီး ပြုပြင်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲမင်းအောင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်ပြန်/ဆက်)

ဘိုကလေး ပညာရေးကောလိပ် ကြီးကြပ်၍ ကွန်ပျူတာ အင်္ဂလိပ်စာ သင်တန်းဆင်း

ဘိုကလေး ဧပြီ ၂၀

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဘိုကလေး ပညာရေးကောလိပ်က ကြီးကြပ်ဖွင့်လှစ်သည့် ကွန်ပျူတာအင်္ဂလိပ်စာသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲကို မတ် ၂၀ ရက်က ဘိုကလေး ပညာရေးကောလိပ် သင်တန်းခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားသို့ ဘိုကလေး ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ခင်ခင်လေး တက်ရောက် အမှာစကားပြောကြားပြီး ပြင်ပသင်တန်းသားများထဲမှ ပထမဆုရရှိသူ မောင်ဝင်းနိုင်ထွန်း၊ ဒုတိယဆုရရှိသူ မခင်လှိုင်ကြူ၊ တတိယဆုရရှိသူ မခင်သူသူအောင်၊ ကျောင်းတွင်း သင်တန်းသားများထဲမှ ပထမဆုရရှိသူ မဝင်းနီထွေး၊ ဒုတိယဆုရရှိသူ မဥမ္မာခင်၊ တတိယဆုရရှိသူ မမေဖြူအောင်တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ထို့နောက် သင်တန်းသားများအား အစုအဖွဲ့အလိုက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၁၅ဦး တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၂၉)၊ ဝါဝါဝင်းလမ်းနေ ဦးအောင်ဝင်း–ဒေါ်ထားထားသက်တို့၏ တစ်ဦးတည်းသောသား

မောင်ဝင်းကျော်သက်

Diploma in Mechanical Engineering, Singapore Polytechnic (ProE Designer, Vetco Gray Pte.Ltd, Singapore)

နှင့်

FMI City G-2 ဖြူနီညိုပြာရိပ်မွန်နေ (ဦးအေးကြူ(ဌာနမှူး–ငြိမ်း၊စက်/စိုက်)–ဒေါ်ညိုညို(အလုပ်ရုံခွဲမှူး–တပ်/မိုး) တို့၏သမီး

မကြည်ပြာ

Diploma in Mechanical Engineering , Singapore Polytechnic A.G.T.I(E.C) (Engineering Assistant, Teraoka Weigh System Pte.Ltd, Singapore)

တို့သည် ၄–၄–၂၀၀၄(တနင်္ဂနွေနေ့)တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း၊ စေ့စပ်မင်္ဂလာပွဲတွင် စေ့စပ်မင်္ဂလာလက်စွပ်လဲလှယ်ချီးမြှင့်ပေးခဲ့သော ဗိုလ်မှူးချုပ်ထွန်းထွန်းနှင့်ဇနီး ဒေါ်ခင်သောင်းနွယ်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်မောင်ဝင်းကျော်သက်–မကြည်ပြာ။

မွေးနေ့ဆုမွန်လွှာ

ဒုဗိုလ် နေရောက်

၂၀၀၄–ခုနှစ်တွင် ကျရောက်သော သားကြီးရဲ့မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ အောင်မြင်မှုများကို ပိုင်ဆိုင်နိုင်ပါစေ။

ချစ်ဖေဖေ– Dr. ဦးအောင်ကျော်ဝင်း Total Co., Ltd.

ချစ်မေမေ–ဒေါ်အေးအေး(ထခွဲ၊ လ/၂ ဒဂုံဆိပ်ကမ်း၊ ရန်ကုန်မြို့)

မောင်ဘုန်းဝေသန်(ယုဇနဉယျာဉ်မြို့တော်)

ဒသတန်းကျောင်းသားတိုင်းလက်ကိုင်ထားရမည့်

Standard Ten English Text

မွေးနေ့ဆုမွန်လွှာ

ချစ်ကိုကိုဦး (ပြင်ဦးလွင်)

လိမ္မာယဉ်ကျေးတဲ့သားသားကြီး ၁–၅–၂၀၀၄ ရက်တွင်ကျရောက်သော မွေးနေ့မှ နောင်နှစ်ပေါင်းများစွာ ချမ်းမြေ့ပျော်ရွှင်သောဘဝပိုင်ဆိုင်ပြီး လိုအင်ဆန္ဒအတိုင်း ပြီးပြည့်စုံ၍ တိုင်းပြည်အကျိုး သယ်ပိုးနိုင်သူ မိသားစု အားထားရသည့် သားကောင်းရတနာဖြစ်ပါစေ။

ဖေဖေ – ဗိုလ်မှူးကိုကို(စစ်ကိုင်း/စည်ပင်)
မေမေ – ဒေါ်ငယ်ငယ်
– ချစ်ကိုကိုလတ်
– လဲ့သန္တာကိုကိုထွေး
– ချင်းချင်း။

သမီးလေးရွှန်းလဲ့အိမ်အတွက် မွေးနေ့ဆုမွန်

၁–၅–၂၀၀၄နေ့မှာ ချစ်သမီးလေး **ရွှန်းလဲ့အိမ်(ခ)သဲလေး**၏ (၂)နှစ်မြောက် မွေးနေ့မှသည် နောင်လာမည့်နှစ်များစွာတိုင် အသိဉာဏ်ပညာ၊ အလိမ္မာနှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေး ဖြစ်ပါစေ–––။

ဘိုးဘိုး၊ ဘွားဘွား၊ ဦးဦး၊ အန်တီများ
ချစ်ဖေဖေ–ဗိုလ်မှူးလှညွန့်
ချစ်မေမေ–ဒေါ်ကြူကြူခိုင်။

မွေးနေ့ဆုတောင်း

မောင် (ချာတိတ်) ၁–၅–၂၀၀၄နေ့တွင် ကျရောက်တဲ့ မွေးနေ့မှသည် ဆန္ဒနှင့်ဘဝတွေ ထပ်တူကျနိုင်ပါစေ–––။

မမ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာရင်းစစ်ချုပ်ရုံး
အခြေခံစာရင်းကိုင်သင်တန်းလျှောက်လွှာခေါ်ယူခြင်း
Basic Accounting Course
[For 2004 August Exam:]

၁။ **သင်တန်းဖွင့်လှစ်မည့်ရက်**	–	၁၅–၅–၂၀၀၄
၂။ **သင်တန်းဖွင့်လှစ်မည့်နေရာ**	–	စာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်း ၁/၁၉ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊
၃။ **သင်တန်းချိန်**	–	၉း၃၀နာရီမှ ၁၄း၃၀နာရီ (စနေ/တနင်္ဂနွေ)
၄။ **သင်တန်းကာလ**	–	(၃)လ
၅။ **သင်တန်းကြေး**	–	ကျပ်၅၀၀၀ိ
၆။ **အနိမ့်ဆုံးပညာအရည်အချင်း**	–	အခြေခံပညာအထက်တန်း(က)အဆင့်အောင်(သို့)တက္ကသိုလ်ဝင်တန်းအောင်
၇။ **လျှောက်လွှာစတင်ရောင်းချမည့်ရက်**	–	၄–၅–၂၀၀၄
၈။ **လျှောက်လွှာတင်ရန်နောက်ဆုံးရက်**	–	၁၃–၅–၂၀၀၄
၉။ **ဆက်သွယ်စုံစမ်းရန်**	–	ဒေါ်ခင်မာကြည်၊ သင်တန်းမှူး၊ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ☎ –၀၁–၂၂၇၂၄၆။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ရက်
(၂၀၀၄ခုနှစ် မတ်လ ၃၁ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လ(၂၆)ရက်မှ ဇူလိုင်လ(၃)ရက်အထိ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပါသည်။
(က) နိုင်ငံတော်နှင့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ နိုင်ငံခြားငွေ တိုးတက်ရရှိစေရန်။
(ခ) နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကျောက်မျက်ရတနာကဏ္ဍမှ အထောက်အကူပြုနိုင်ရန်။
(ဂ) ကျောက်မျက်ရတနာဈေးကွက် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းစေရန်။
(ဃ) ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားမဝင်ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်။

၂။ ၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်းရှင် အများစုအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရောင်းရငွေ ယူရို (၁၈ဒသမ၅)သန်းကျော် ရရှိခဲ့ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေးသတ်မှတ်၍ တင်ပြရောင်းချခဲ့ခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှရတနာကုန်သည် (၆၃၀)ကျော် တက်ရောက်ယှဉ်ပြိုင်ဝယ်ယူကြခြင်းတို့ကြောင့် ရောင်းရငွေများ တိုးတက်ရရှိခဲ့ခြင်းဖြစ်ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှစ၍ ငွေပေးချေရေးစနစ်များ ပြင်ဆင်သတ်မှတ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဌာနများနှင့် ညှိ၍ ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့လျင်မြန်စွာတင်ပို့ ပေးလျက်ရှိခြင်းတို့ကြောင့် ရောင်းချရသည့် နိုင်ငံခြားငွေများ အမြန်ရရှိလျက်ရှိပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်များ တင်ပြရောင်းချသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနက် လုပ်ငန်းသုံးငွေလည်ပတ်စေရန် နိုင်ငံတော်မှ ကြိုတင်ငွေ/ချေးငွေများ ရယူလိုသူများအား သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ငွေ/ချေးငွေများ ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning)အဖြစ်သတ်မှတ်ရေး၊ ပြည်ပပို့ကုန်ရောင်းရငွေများဖြင့် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သည့် လောင်စာဆီ၊ စက်ယန္တရားစသည်များကို ပြည်ပမှတင်သွင်းခွင့်ရရှိရေးအတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းတင်ပြ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လအတွင်း ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံသား/ကုမ္ပဏီ/အသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၄ခုနှစ် မေလ(၁)ရက်မှ ဇွန်လ(၁)ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရန်ကုန်မြို့၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)နှင့်မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် တူးဖော်ရေးစခန်းရုံးများနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ပါသည်။

၆။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက အထက်စာပိုဒ်(၅)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

စီးပွားဖြစ်မှိုမျိုးစုံစိုက်ပျိုးရေး(၇)ရက် ရက်တိုသင်တန်း

၁။ သင်တန်းဖွင့်မည့်ရက်များ
(က)အမှတ်စဉ် ၃/၂၀၀၄ (၁၀–၅–၂၀၀၄) မှ (၁၆–၅–၂၀၀၄)ထိ
၂။ သင်တန်းအချိန် နံနက် (၉း၃၀နာရီမှ ၄နာရီထိ)
၃။ သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား (၅၀)ဦးသာလက်ခံမည်။
၄။ သင်တန်းကြေး (၈၀၀၀)ကျပ်၊ စားသောက်စရိတ် (၄၅၅၀)ကျပ်၊ အဆောင်ကြေး (၃၅၀)ကျပ်။
၅။ အဆောင်နေလိုသူများအတွက် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ပါတီနိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်တစ်ပါတည်းပါရှိရမည်။
၆။ **သင်ကြားပို့ချမည့်ဘာသာရပ်များ**
(က) ပြည်တွင်းစားသုံးမှိုအမျိုးမျိုး မွေးမြူစိုက်ပျိုးနည်း
(ခ) ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့် မှိုများမွေးမြူစိုက်ပျိုးနည်း
(ဂ) ဆေးဖက်ဝင်မှိုအမျိုးမျိုး မွေးမြူစိုက်ပျိုးထုတ်လုပ်နည်းများကို သင်ကြားပို့ချပေးပါမည်။
၇။ ပုဂ္ဂလိကစီးပွားဖြစ်စိုက်ပျိုးအောင်မြင်လျက်ရှိသည့် စိုက်ပျိုးခင်းများသို့လည်း လေ့လာရေးခရီးစဉ်များ စီစဉ်ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၆၆၃၇၄၂၊ ၆၆၅၀၅၉
လမ်းညွှန်–မင်္ဂလာဒုံကားစီး၍ အဝေမ်းမှတ်တိုင်တွင်ဆင်းပါ။

လုပ်ငန်းသုံး
အင်္ဂလိပ်စကားပြောသင်တန်း
ဦးခင်မောင်ဝင်း (BA)

ငွေရတုအကြို(၂၄)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဗိုလ်မှူးချုပ်မင်းအောင်လှိုင်**နှင့် ချစ်မေမေ **ဒေါ်ကြူကြူလှ**တို့၏ (၁–၅–၂၀၀၄)နေ့တွင် ကျရောက်သည့် ငွေရတုအကြို(၂၄)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သားသမီးများနှင့်အတူ အောင်မြင်သော ဘဝခရီးကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ–––။

ချစ်သမီးကြီး–ခင်သီရိသက်မွန်
ချစ်သားငယ်–အောင်ပြည့်စုံ
ကူးကူး–သံသာပုလဲသွယ်
ကစ်ကစ်–မြတ်သူရိန်ဦး။

UNION OF MYANMAR
MINISTRY OF TRANSPORT
MYANMA SHIPYARDS
INVITATION TO SEALED TENDER

1. Sealed tenders are invited by Myanma Shipyards, for supply of the following M.S Plates and Angles which will be purchased in Myanmar Kyats:-

Sr. No	Tender No	Description	Qty
1	T(1)MS/2004-05	Ship construction material complying with Lloyd's (OR)ABS Grade A	
		M.S Plates	
		(8' x 30') x 6mm (or) (6'x20') x 6mm	500 Tons (Approx:)
		(8'x 30') x 8mm (or) (6'x20') x 8mm	
		(8'x30')x10mm (or) (6'x20') x10mm	
		M.S Angles (6M in Length)	
		65x65x6mm	50 Tons(Approx:)
		75 x 65 x 8mm	
		100 x 75 x 7mm	
		125x75x8mm	

Tender Closing Date: 28 th May, 2004(10:00)Hours
Tender Opening Date: 28 th May,2004(14:00)Hours

2. Tender documents are available at the office of the Assistant General Manager (Store), Myanma Shipyards, Sinmalike, Kamayut, Yangon, starting from 17th May, 2004 during the office hours.
3. For further detail please call 536521
Assistant General Manager(Store)
Store Department, Myanma Shipyards,
Sinmalike, Kamayut, Yangon.

Job Vacancy
(for local service only)

Application for Marketing Manager Post - 1 Post
Required one Experienced Male as Marketing Manager to lead a Dynamic Team/Brand with following criterias.

(1) Minimum (3)Years experience as Manager/Asst Manager in Sales,Marketing & Distribution position.
(2) Age preferable not more than 40 years old,but those above 40 can be considered based on merits.
(3) Must able to write & speak in good English.
(4) Any Graduate with Diploma in Sales & Marketing is a prefer ence.
(5) Must able to use Computer , internet & e-mail.
(6) Must able to work independently and processagood leadership skill.
(7) Experience in working under Foreign Companies will be an advantage.

Interested candidates can submit your CV together with copies of certificates,labour registration card and recent photo to Han Myanmar Elec- tronics No(285), Bo Aung Kyaw Street ,Kyauktada Township,Yangon within (10) days after the date of this Advertisement.

1.	Sales Man	(M)	10 posts
2.	Sales Promoter	(M)	10 posts
3.	Marketing Executive	(M)	4 posts
4.	Driver	(M)	2 posts

ဒလမြို့ ဆိပ်ကမ်းရှိ
လူနေဆိုင်ခန်း
ရောင်းရန်ရှိသည်။
ဖုန်း–၅၁၁၄၁၃၊ ၅၄၀၅၀၀။

ရောင်းမည်
Toyota Cresta/
90 Model/ Diesel
Turbo Engine/ ၂၁
Super Lusent Grade
ဆက်သွယ်ရန်
Ph: 707373

ရွှေဘုံသာအာလယ်လမ်းက

"ကံကောင်းတာမဟုတ်ဘူး ..... မဲနှိုက်တာမဟုတ်ဘူး"

ယူဒီကော်တဂေါ်ပိုးရှဉ်းမျက်မှန်ဆိုင်

(၆)နှစ်မြောက် မွေးနေ့အထူးအစီအစဉ်

ဝယ်ယူထားသော ဘောက်ချာကို တင်ပြနိုင်လျှင် ဝယ်ယူထားသည့်တန်ဖိုးအလိုက် ငွေပြန်ပေးမည် ... (၅၀၀)ကျပ်ထိ ပေးသွားမှာ ဖြစ်ပါတယ်။

GOLDEN THUNDER

* ပလတ်စတစ်စက်အမျိုးမျိုးနှင့်
* Chiller, Air Con ၊ ရေခဲသေတ္တာ
* အဝတ်လျှော်စက်တို့အားအာမခံဖြင့်ပြုပြင်ပေးပါသည်။

အမှတ်-၃၈၄၊ မဇ္ဈိမလမ်း၊ တာမွေ၊ ဖုန်း-၅၄၅၃၈၆။

TOP CHOICE

ဗလာစာအုပ်အမျိုးမျိုး

သပြေညို - ဆုံဆီ

☎ ၅၅၅၂၅၀

တော်ဝင်

အဆင့်မြင့်ခန်းဆီးလိုက်ကာ

☎ 542311 09-5002003

PRACTICAL English Speaking

P.E.S. U WIN MAW (RESEARCH)

၁။ အခြေခံ Grammar & Speaking (၄-လ)
၂။ Phonetics (၁½ လ)
၃။ Spoken English (Advanced) (၄-လ)
၄။ Grammar (Advanced) (၄-လ)
၅။ Reading & Vocabulary (၄-လ)

HEADWAY သင်ခန်းစာရှိ Level အားလုံးကို အခမဲ့သင်ကြားပေးသည်။ ☎ 503984 / 222428

20% OFF

(1.5.2004) မှ (30.6.2004) နေ့အထိ လျှော့ဈေးဖြင့် ရောင်းချပေးနေပါပြီ။

DALMINK OPTIC

ဒါ(လ်)မင့်မျက်မှန်ဆိုင်

Ph - 707852, ဆိုင်ဖွင့်ချိန် - 8 : 30 AM to 7 : 00 PM

ဟယ်ရီ-ပေါ်တာ-နှင့် အက်ဇကဘန် အကျဉ်းသား ကြည်ကြည်မာ (မြန်မာပြန်) ထွက်ပါပြီ။

ပန်းချီဆရာများအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

လူကိုယ်တိုင် မိမိရေးဆွဲထားသော ပန်းချီကား(၁)ချပ်၊ ဓာတ်ပုံ(၂)ပုံဖြင့် လာရောက်လျှောက်ထားနိုင်သည်။

(က) ဆီဆေးပန်းချီနှင့်ပတ်သက်၍ အတွေ့အကြုံရှိသူ၊ ကျွမ်းကျင်သူကို ဦးစားပေးမည်။

(ခ) ရွေးချယ်ခြင်းခံရသူသည်(၃)လသင်တန်းတက်ရမည်။ သင်တန်းကို နိုင်ငံခြားသားကျွမ်းကျင်သူ ပန်းချီပညာရှင်ကိုယ်တိုင် နိုင်ငံခြားအဆင့်မီ ပန်းချီကားရေးဆွဲနိုင်ရန် သင်ပြည့်ကြားမည်။

(ဂ) သင်တန်းကာလအတွင်း သင့်လျော်သော ထောက်ပံ့ကြေးကို ခံစားခွင့်ပြုမည်။

အသေးစိတ်အချက်အလက်ကို အောက်ပါလိပ်စာတွင် အမြန်ဆုံး ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

ဆက်သွယ်ရန်လိပ်စာ – အမှတ်၄၂(B)၊ ၁၀လွှာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

°Phone -540706(Royal Artisans Co.,Ltd.)

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လှိုင်မြို့နယ်ရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါအဆိုပါတိုက်ခန်းအား ရရှိထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့် အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသူ အမည်နှင့် မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသည့် တိုက်နှင့်အခန်း အမှတ်
ဒေါ်ယုကျင် [၁၂/လမန(နိုင်)၁၁၀၆၂၀]	ဒေါ်အေးအေးရီ [၁၂/လမန(နိုင်)၀၀၀၁၂၃]	တိုက်-၁ အခန်း-၁၃ လှိုင်ရတနာအိမ်ရာ

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈/၉၄၄၄မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ (၁၅)ရက်အတွင်း ကညနခရိုင်ရုံး(တောင်ဒဂုံ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(တ/ဒဂုံ)။

အမည်ပြောင်းခြင်း

ဦးစိုးဝင်း၏သားအဝေးသင်တက္ကသိုလ်(ဒဂုံ)၊ တတိယနှစ် စီးပွားရေးမှ မောင်ဟိန်းထက်စိုး [၁၂/လမန(နိုင်)၁၃၃၆၆၉]အား ယနေ့မှစ၍ မောင်အောင်ခန့်မင်းဟု ပြောင်းလဲခေါ်ပါရန်။ **အောင်ခန့်မင်း။**

Garage Sale

(၁-၅-၂၀၀၄ မှ ၃-၅-၂၀၀၄)

၉း၃၀-၄း၀၀

ခြံအမှတ် ၆၅(စီ)၊ နဂါးရုံကျောင်းလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း၊

ဖုန်း-၆၆၃၀၁၄၊ ၅၅၄၁၄၀။

ခြံရောင်းမည်

မင်္ဂလာဒုံမြို့နယ် 240'x163'ခြံဝင်းအတွင်း စတီးအဆောက်အအုံအသစ် (၁)ခု(၆၀၀၀စတုရန်းပေ)တိုက်ခံနှစ်ထပ်အိမ်(၁)လုံး၊ ဖုန်း၊ ရေ(ဂျိုးဖြူ)၊ ရေတွင်း၊ မီတာ(၂)လုံးပါ။

* စီးပွားရေးလုပ်ငန်းရှင်များအတွက်အထူးသင့်လျော်*

ဆက်သွယ်ရန်-၇၂၇၈၂၄၊ ၅၇၂၀၄၄။

ပြည်တွင်း၌သာ မြန်မာကျပ်ငွေဖြင့်ခန့်ထားရန်

၁။ အရောင်းဝန်ထမ်း	(ဘွဲ့ရ)	မ (၅) ဦး
၂။ အထွေထွေလုပ်သား	(မူလတန်း)	မ (၅) ဦး
၃။ စက်ချုပ်ဝန်ထမ်း	(မူလတန်း)	မ (၅) ဦး

(အမှတ်စဉ်(၃)အတွက် ပလတ်စတစ်ပုံနှိပ်လုပ်ငန်း အတွေ့အကြုံ ရှိရမည်)

အများသိစေရန်ကြေညာချက်

ပဲခူးမြို့နယ်၊ အင်းတကော်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၁၇၀-က)၊ ဝါးကောက်တောကွင်း၊ ဦးပိုင်အမှတ်(၁)၊ အာရ်အာရ်မြေအမျိုးအစား၊ ဧရိယာ ၂၈ဒသမ၆၀ဧကရှိ မြေကွက်သည် လက်ရှိလက်ငုတ်လုပ်ပိုင်ခွင့်ရရှိသူ ဦးမောရစ် (အေအီး-၂၄၈၃၇၆)မှ ၎င်းလုပ်ပိုင်ခွင့်အား ကျွန်ုပ်၏မိတ်ဆွေကို အပြီးအပိုင်လွှဲပြောင်း ပေးအပ်မည်ဖြစ်၍ ကန့်ကွက်နိုင်ခွင့်ရှိသူမှ (၁၄)ရက်အတွင်း ကန့်ကွက်ရန်နှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးလှမြင့် (ဥပဒေဝိဇ္ဇာ) ၄၉၈၈ / ၂၇-၅-၈၉

တရားရုံးချုပ်ရှေ့နေ

အမှတ်(၉၁)၊ (၈)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ ဥဿာမြို့သစ်၊ပဲခူးမြို့။



ခွေးရောင်းရန်

ကာကွယ်ဆေးထိုးပြီး SIMBA (Australia Import)နှင့် Uzi (German Import)မျိုးဆက် အယ်လ်ဇေးရှင်း သားပေါက်များရောင်းရန်

Ph: 664601

၁၂ ~ ၁၆ မေလ ၂၀၀၄
နံနက် ၁၀း၀၀ - ညနေ ၆း၀၀
ပုထရာကမ္ဘာ့ကုန်သွယ်ရေးပဟိုဌာန
ကွာလာလမ်ပူမြို့၊ မလေးရှား

မလေးရှား၏
အရည်အသွေး အမြင့်ဆုံး
အနုစိတ်တိကျသော လုပ်ငန်းသုံး ကိရိယာ

METALTECH 2004
MALAYSIA
THE 10TH MALAYSIAN INTERNATIONAL METAL WORKING, MACHINE TOOL, CAD/CAM, METROLOGY, MOULD & DIE, SURFACE & HEAT TREATMENT, SUB-CONTRACTING, FOUNDRY, IA, ROBOTICS, PRECISION ENGINEERING AND WELDING TECHNOLOGY EXHIBITION.

ဆယ်နှစ်မြောက်အထူးပေါ်မှုယခုထိတိုင်
ထုတ်လုပ်သူများနှင့်
ဝယ်ယူသူများ၏
စိတ်ကြိုက်ဖြစ်နေဆဲ

online မှတဆင့်ကြိုတင်စာရင်းသွင်းပါက
MTM2004

www.tradelink.com.my

စီစဉ်သူ
Trade-Link Exhibition Services Sdn Bhd
No. 12A, 1st Floor, Jalan SS12/1B,
47500 Subang Jaya, Selangor, Malaysia.
Tel: (603) 5635 6086 Fax: (603) 5635 6199
E-mail: tles@po.jaring.my
TES

• နောက်ဆုံးပေါ်ထုတ်ကုန်စက်ပစ္စည်းနည်းပညာနှင့် ကုန်ထုတ်လုပ်ငန်းထိုးဖြိုးမှုများ
• ကုမ္ပဏီပေါင်း ၁,၂၀၀ မှ ပြသခြင်း
• ပေါင်းစုစုပေါင်း အိမ်ရှိုး၊ ကိရိယာ ... နိုင်ငံပေါင်းစုံမှ ပြခန်းများ

ပြန်စာပုံစံ

Name: Job Title: Company: Address:
Postcode & Area: Country:
Tel: Fax:
Email: Website:

IMPORTANT
• The exhibition is open to trade, professional and business visitors by invitation and business card registration only.
• For safety reasons, children below the age of 18 will not be allowed to enter the exhibition halls at any time.
• All visitors must be suitably attired. Those in shorts, T-shirt and slippers will not be allowed into the exhibition halls.
• The organiser reserves the right to refuse admission to any person or remove any person from the exhibition halls without giving any reasons.

ဝန်ထမ်းအလိုရှိသည်
(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

(၁) Office Secretary - (၁)ဦး (ကျ,မ)
(၂) H.R Manager - (၁)ဦး (ကျား/မ) (ကျ,မ)
(၃) Q.C Manager - (၁)ဦး (ကျား/မ) (ကျ,မ)

[illegible]

Sinma Furnishings Co., Ltd.

[illegible]

(၁)နှစ်ပြည့်လွမ်းဆွတ် ကုသိုလ်အမျှဝေခြင်း
ချစ်သမီးလေး မစိန်ပုံ(ခ)ဇင်မာအောင်ကြည်
(ဒု-ဥပဒေ၊ မုံရွာတက္ကသိုလ်)

၁-၅-၂၀၀၃မှ ဖေဖေ၊ မေမေ၊ ကိုကိုတို့ မိသားစုမေတ္တာရိပ်မှ သမီးလေးခွဲသွားတာ (၁)နှစ်ပြည့်သော်လည်း သမီးလေးကို နေ့စဉ် သတိရတမ်းတလျက်ပါ။ သမီးကွယ်လွန်ပြီး လစဉ်၊ လတိုင်း ပြုလုပ်သော ကုသိုလ်၊ (၆)လပြည့် ရွှေတိဂုံဘုရားတွင်ပြုလုပ်သော ကုသိုလ်၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ကျောက်တော်ကြီးဘုရား၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ဇလွန်ပြည်တော်ပြန်ဘုရားနှင့် (၁)နှစ်ပြည့် လှူဒါန်းသော ကုသိုလ်ကို သမီးလေးအား အမျှပေးဝေပါ၏။ သမီးရေ အမျှ-အမျှ-အမျှ-

ဖေဖေ-ဦးအောင်ကြည် (တရားရုံးချုပ်ရှေ့နေ)
မေမေ-ဒေါ်ခင်သန်းအေး (မြို့နယ်ဥပဒေအရာရှိ၊ မင်္ဂလာဒုံမြို့နယ်)
ကိုကို-ဗိုလ်ဖြိုးအောင်ကြည် (ရန်ကုန်)။

အလ္လာအသျှင်မြတ်အမိန့်တော်ခံယူခြင်း
ရုလ်မေ(ရ်) (ခ)
ဒေါ်လှခင်
အသက် (၆၇)နှစ်
(စစ်တွေမြို့)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၈ လမ်း၊ အမှတ် (၅၄)နေ စက်ဆရာ အုစ္စမာန် (ခ)ဦးကျော်သာ၏ ချစ်လှစွာသောဇနီး၊ စစ်တွေမြို့နေဦးဆူလတန်၏ ညီမ၊ ဒေါ်လှရီ၊ ဒေါ်လှကြည်-ဦးရွှေထွန်း၊ ဦးကျော်ဝင်း-ဒေါ်ဝင်းဝင်းသန့်၊ ဒေါ်လှစိန်-ဦးတင်ထွေး၊ ဒေါ်ခင်သန်းလှိုင်-ဦးဝင်းလှိုင်၊ ဒေါ်ခင်သန်းမြင့်-ဦးကျော်ဝင်း၊ မောင်ထွေးဝင်းတို့၏ မိခင်၊ မြေး ၁၄ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၅-၄-၂၀၀၄ ရက် ည ၈း၃၀အချိန်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၆-၄-၂၀၀၄ နေ့ နေ့လယ် ဇူဟိုရ်နမာဇ်အပြီးတွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝန်ထမ်းအလိုရှိသည် (မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

1. Mechanical Engineer male (1) Post
2. A.G.T.I (Mechanical) male (3) posts
3. A.G.T.I (Electrical) male (3) posts
4. Fitter male (3) posts
5. Office staff male (2) posts

သက်ဆိုင်ရာလုပ်ငန်းအလိုက် အတွေ့အကြုံ(၃)နှစ်ရှိရမည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း၊ တတ်ကျွမ်းမှုအထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အမှတ်(၁၅၃)၊ မြေညီထပ်၊ လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လျှောက်ထားနိုင်သည်။ **ဖုန်း-၀၁-၂၀၀၅၈၁။**

အမည်ပြည့်စွက်ခြင်း

အဘ ဦးတင်ဦး၏သမီး မခင်နှင်းလှိုင်ဦးအားယနေ့မှစ၍မခင်နှင်းလှိုင်ဦး(ခ)မတင်မေလှဟု အမည်ပြည့်စွက်ခေါ်ပါရန်။

မခင်နှင်းလှိုင်ဦး(ခ)မတင်မေလှ။

အမြန်ပြန်လာပါ

သမီး ငြိမ်းနုထွေး (အငယ်လေး) [၁၂/ကတတ(နိုင်)၀၂၈၄၄၇]

ဖေဖေ နေမကောင်းပါ၊ အားလုံးက စိတ်ပူနေတယ်၊ အမြန်ပြန်လာပါ။

ကယ်ကယ်-ကျော်စိုး။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သိန်းမြင့် (၅၉)နှစ်
(ညောင်တုန်း)

၁၃-၄-၂၀၀၄ နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဦးမြမောင်-ဒေါ်ဝင်းမေ
သား-ကိုမြကျော်စွာဝင်း
တော်ဝင်စိန်တိုက်၊ မန္တလေး။

ကျေးဇူးဆပ်ပါမည်

ကိုလင်းသိန်း [၁၂/မဂတ(နိုင်)၀၁၉၆၇၂]၏ ရှုခင်းသာတိုက်ခန်း တိုက်(၃၅)၊ အခန်း(၈)၏ ပိုင်ဆိုင်မှုစလစ်ပြားနှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ကိုလင်းသိန်း
၈၉၊ ရေကျော်လမ်း၊
ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်။

ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ် အမှတ်၄က/၄၆၆၇လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီးဖြစ်သူ မခင်မြတ်ဝင်းရွှေ(ခ)မရှမ်းမသည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဦးသန်းရွှေ (YDN-၀၀၄၈၉၂)
ဒေါ်မြခင် (PTA-၀၃၇၀၀၂)။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဒေါ်မြတ်နှုဝင်း	၁၂/ကမတ(နိုင်)၁၁၁၁၁၇	၉/၃၉ A ရပ်ကွက် ဒဂုံမြို့သစ်	ဒဂုံမြို့သစ်	၃၉/A	၉	ဒေါ်ခင်ဝင်းကြည်	အမည်ပြောင်း
၂။	ဦးအောင်စိုး+၁	V/RGN ၀၀ ၂၃၅၀	၁၀/၁၁ [illegible]	ရွှေပြည်သာ	၁၆	၁၀၉	[illegible]	ဂရန်သစ်
၃။	ဦးမင်းကျော်+၁	၉/မနတ(နိုင်)၀၀၄၇၀၀	[illegible]	ဒဂုံတောင်	၁၀၆	၁၄၄၆	[illegible]	ဂရန်သစ်
၄။	ဒေါ်အေးအေး	၁၂/ဒလန(နိုင်)၀က၈ ၂၇၉	[illegible]	ဒဂုံတောင်	၁၉	၁၀၀၄	[illegible]	ဂရန်သစ်
၅။	[illegible]	၁၂/ဗဟန(နိုင်)၀၀၅၃၆၈	[illegible]	ဗဟန်း	၂-B	[illegible]	[illegible]	အမည်ပြောင်း
၆။	ဒေါ်ကြည်ကြည်ဌေး	၁၂/အစန(နိုင်)၁၂၈၀ ၂၅	[illegible]	အင်းစိန်	၇-C	၂/၈	[illegible]	အမည်ပြောင်း
၇။	[illegible]	၁၂/လသန(နိုင်)၀၁၆၀၀၂	[illegible]	ဗဟန်း	၃၅ CG	၈၀၂	[illegible]	မြေပုံကူး
၈။	[illegible]	၁၂/သဃက(နိုင်)၀၇၆၀၈၀	[illegible]	ဒဂုံမြောက်	၂၈	၆၅၇	[illegible]	အမည်ပြောင်း
၉။	[illegible]	၁၂/ပဇတ(နိုင်)၀၀၃၈၃၂	[illegible]	[illegible]	၂၆-A	၁၂၃	[illegible]	အမည်ပြောင်း
၁၀။	[illegible]	၁၂/မဂတ(နိုင်)၀၀၆၁၃၅	[illegible]	[illegible]	၁၁-F	V ၁၀၂	[illegible]	အမည်ပြောင်း
၁၁။	[illegible]	၁၂/မဂတ(နိုင်)၀၀၃၀၄၇	[illegible]	[illegible]	၁၁-A	၈	Leong Tze Cheon	အမည်ပြောင်း
၁၂။	[illegible]	၉/မနမ(နိုင်)၀၀၀၁၁၃	[illegible]	[illegible]	၁၆/၂	၂၃၅	[illegible]	အမည်ပြောင်း
၁၃။	[illegible]	၁၂/ဓနန(နိုင်)၀ ၂၄၀၈၁	[illegible]	[illegible]	၂၈-E	၇၆	[illegible]	အမည်ပြောင်း
၁၄။	[illegible]	၁၂/ဓနန(နိုင်)၀ ၂၅၃၃	[illegible]	ဒဂုံမြောက်	၄၄	၉၁၆	[illegible]	အမည်ပြောင်း
၁၅။	[illegible]	၁၂/ဥကတ(နိုင်)၀၀၉ ၂၂၁	[illegible]	[illegible]	၅	၇၆၉	[illegible]	အမည်ပြောင်း
၁၆။	[illegible]	၁၂/အလန(နိုင်)၀ ၂၈၄၈၈	[illegible]	အင်းစိန်	၆(F)	၂၁	[illegible]	အမည်ပြောင်း
၁၇။	[illegible]	၁၂/သဃက(နိုင်)၀၄၁၁၁၅	[illegible]	ဒဂုံမြောက်	၂၈	[illegible]	[illegible]	မြေပုံကူး
၁၈။	[illegible]	၁၂/မရက(နိုင်)၀၈၅၆၅၈	[illegible]	ဗဟန်း	၃၅-E	[illegible]	[illegible]	မြေပုံကူး
၁၉။	[illegible]	[illegible]	[illegible]	[illegible]	၂၆-F	V ၁၇၇	[illegible]	မြေပုံကူး
၂၀။	[illegible]	၁၂/သဃက(နိုင်)၁၀၉၉၇၇	[illegible]	[illegible]	[illegible]	၅၉/ခ	[illegible]	ဂရန်သစ်

[illegible]

ဦးကောင်းညွန့် (၆၉)နှစ်

B.Sc(Hons),M.Sc.

အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့.

ပါမောက္ခချုပ်(ငြိမ်း)ဒဂုံတက္ကသိုလ်

မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ လိပ်ဆံခွန်ရွာနေ (ဦးစက်ရုံ-ဒေါ်သိန်းချို) တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမောင်မောင်-ဒေါ်ထွေး)တို့၏သားသမက်၊ ရန်ကုန်မြို့ တိုက်(၁၅)၊ အခန်း (B) ပြည်ထောင်စုရိပ်သာ၊ ဒဂုံမြို့နယ်နေ ဒေါ်ခင်ခင်ညွန့်၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်သန်းဆွေ၊ မြန်မာစာပါမောက္ခ-ငြိမ်း)၏မောင်၊ လိပ်ဆံခွန်ရွာနေ ဒေါ်ချစ်တင်မောင်၊ တိုက်(၁၄)၊ အခန်း (B) ဦးဝိစာရရိပ်သာနေ ဦးမြင့်ဟန်-ဒေါ်စမ်းစမ်းညွန့်၊ ဦးသန်းစည်၊ ဒေါ်နုနုအေးတို့၏အစ်ကို၊ ဦးကိုကိုသန့်-ဒေါ်ခိုင်ခိုင်ညွန့်၊ ဒေါ်မြိုင်မြိုင်ညွန့်၊ (ဦးကောင်းမြတ်ညွန့်)တို့၏ ချစ်လှစွာသော မွေးသဖခင်ဦးကောင်းညွန့်သည် ၂၉-၄-၂၀၀၄(ကြာသပတေးနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၅-၂၀၀၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း၊ ရပ်ဝေးရပ်နီးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ် မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီးဦးကောင်းညွန့်

ပါမောက္ခချုပ်(ငြိမ်း)၊ ဒဂုံတက္ကသိုလ်

အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့.

ဒဂုံတက္ကသိုလ်၏ ပထမဦးဆုံးသောပါမောက္ခချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သော ချစ်ခင်လေးစားရပါသည့် ဆရာကြီးဦးကောင်းညွန့်သည် ၂၉-၄-၂၀၀၄နေ့ တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၊ ဒဂုံတက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း

ဦးကောင်းညွန့်(၆၉)နှစ်

B.Sc.(Hons), M.Sc.

အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့.

ပါမောက္ခချုပ်(ငြိမ်း)၊ ဒဂုံတက္ကသိုလ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးကောင်းညွန့်သည် ၂၉-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)။

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ ဇနီးဖြစ်သူ ဒေါ်ခင်ဆွေစိုး(အသက် ၅၉)နှစ်(ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမ ပို့ကုန်/သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန)သည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမှု ဖြစ်ရပါကြောင်း။

အဆင့်မြင့်သံတမန်ရေးရာသင်တန်း

အမှတ်စဉ်(၁) သင်တန်းသား၊သင်တန်းသူများ။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာကြီး

ဝဏ္ဏကျော်ထင်ဦးလှမောင်း

အသက်(၈၉)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံ(၁)ငြိမ်း

မကွေးတိုင်း၊ဆောမြို့နယ်၊လောင်းရှည်ကြိမ်ကြီးရွာနေ (ဦးထွန်းဖဲ-ဒေါ်မင်းညွန့်) တို့၏သား၊ သန်လျင်မြို့၊ အမှတ်(၁၂၂)၊ ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်လေးငယ်၏ခင်ပွန်း၊ ဦးသန်းထွန်း-ဒေါ်ခင်စန်းနွယ်၊ ဦးလှမြင့်(ကထိက၊ ငြိမ်း)-ဒေါ်တင်တင်နွယ်၊ ဒေါက်တာ ခင်မောင်ရင်-ဒေါ်အေးအေးသန်း၊ ဦးခင်မောင်ဇော်-ဒေါ်ညိုညိုမာတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၃၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၅-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် သန်လျင်မြို့ ပျဉ်ထောင်ကျောင်း သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချူဖတ်ချန်(ခ) ဦးလောင်ဗုက်ကျောင်း(ခ) ဦးကျုံး (၈၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၂၃၁)၊(၃၇)လမ်းနေ ဒေါ်လျောင်လေအုံး၏ခင်ပွန်း၊ဦးသိန်းကေ-ဒေါ်လျန်လိစန်း၊ ဦးသိန်းကက်-ဒေါ်မာလာသွယ်၊ ဒေါ်လျူတင်ကျိန်း-ဦးမောင်မောင်ကြီး၊ ဒေါ်သိန်းမင်း၊ ဦးသိန်းစိုး-ဒေါ်သီသီလွင်၊ ဦးသိန်းစိန်-ဒေါ်စန်းစန်းထွေးတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည်၂၇-၄-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍၁-၅-၂၀၀၄(စနေနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများနံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ကျော်ဖေသိန်း(ခ) ကျော်ကျော် (၃၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၃၇၇)နေ (ဦးဖေသိန်း-ဒေါ်ယဉ်ယဉ်ကြည်) တို့၏ သားထွေး၊ ဦးအောင်အောင်ဖေသိန်း-ဒေါ်စမ်းစမ်းဝင်းတို့၏ ညီ၊ မောင်ရဲရင့်အောင်၊ မောင်စည်သူအောင်၊ မောင်နိုင်ရဲအောင်တို့၏ ဦးလေး၊ မခိုင်ဟေမာန်ဦး၏ မွေးစားဖခင်သည် ၂၉-၄-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၁-၅-၂၀၀၄ (စနေနေ့)မွန်းလွဲ၁နာရီတွင် ရန်ကုန် ဆေးရုံကြီး အအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ် မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလီဟုန်ယူ (၈၉)နှစ်

(Lee Hong Yu)

(အလုံ)

(ဦးလီရန်လင်း - ဒေါ်ထောင်ချွန်အွန်)တို့၏ သား၊ ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၅၈/ဘီ-၂)နေ ဒေါ်ချင်ထွေး ကြည်၏ခင်ပွန်း၊ မလီငုတ်လင်၊ ကိုလီဖတ်ဟိန်-မမြင့်မြင့်ရီ၊ ကိုလီဖတ်ချန်၊မလီလင် လင်(ခ) မလိန်းလိန်း (လိန်းလိန်းလှရိပ်မြုံ)၊ မလွေလင်(ခ)မလီးလင်တို့၏ ဖခင်၊ မလီမီးဟွာ (Lori Lee) ၊မောင်လီဟောင်ခိုင\ (Willian Lee) တို့၏အဘိုးသည် ၂၈-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၅-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ နံနက်၉နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ရှိန်(ခ)ဦးကံကြီး

အသက်(၇၄)နှစ်

(အိမ်မဲမြို့ စာချွန်ခံရပ်)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊အမှတ် (၁၅၁/D)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်နေ ကိုမြင့်ဦး၊ ကိုမြင့်မောင်-မတင်တင်သန်း၊ ကိုတင့်ဝေ-မပိုက်ပိုက်၊ မအေးအေးတို့၏မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၀-၄-၂၀၀၄ ရက်တွင် ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၂-၅-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ညိုညို(ခ) ဒေါ်တယ်ရီဆင်း (၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၅၂)၊ ဗိုလ်မင်းရောင်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဘီစိန်-(ဒေါ်ထားကြည်)တို့၏တတိယမြောက်သမီး၊ (ဦးမောင်မောင်ဆင်)-ဒေါ်ချိုချိုတို့၏ ညီမ၊ ဦးကျင်စိန်-ဒေါ်ဘေဘီ၊ ဒေါ်ရူဘီ၊ ဦးဆန်နီ၊ မသန္တာကြည်၊ ဦးလှဖုန်း-မကြူကြူတို့၏အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏ အဒေါ်သည် ၃၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၅-၂၀၀၄ရက်နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း

သိက္ခာတော်ရ ဆရာစောထွန်းဝုဏ်ကြီး

အသက်(၈၁)နှစ်

သင်းအုပ်ဆရာ ရန်ကုန်မြို့မအသင်းတော်နှင့်ကျေးဖူးတော်မြတ်အသင်းတော်နာယကဆရာတော်၊ မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များမိတ်သဟာယ ဥက္ကဋ္ဌ၊ အမျိုးသားချင်းထောက်ပံ့သည့် ကရင်နှစ်ခြင်းခရစ်ယာန် သာသနာပြုအသင်း

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ဦးအောင်ကျော်လမ်း၊ အမှတ်(၆)နေ (စောသာစို-နော်ရွှေတင်)တို့၏ သားကြီး၊ (ဂ္ဂါမဂ္ဂီသန်း)၏ ချစ်လှစွာသောခင်ပွန်း၊(သူနာပြုဆရာမကြီးနော်နှင်းကြည်)၊ စောကျော်အုံး-နော်ရီးနာဇင်း၊ (နော်မြ-နန်းမြမောင်)၊ စောစိန်ထွန်းကျော်-နော်မရီးနာတို့၏ အစ်ကိုကြီး၊ နော်အဲန်ဂျလင်းနာကြီး(UNICEF)၊ စောကျော်ခိုင်ထွန်း-နော်မြမြတို့၏ ဖခင်၊ နော်လွယ်မူးဖော(Linfield College)၊ နော်ဒေးမူဖော(BARS final year၊ Myanmar Institute of Theology)တို့၏ အဘိုးသည် ၃၀-၄-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂-၅-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ကျမ်းစာသင်ကျောင်းဝင်းရှိ ဖူးသာဖြူ အောက်မေ့ဖွယ်ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမြင့်သိန်းဦး(၄၉)နှစ်

RO

(CDC-12892)

ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊(၁၀)ရပ်ကွက်၊မွှောရုံလမ်းမကြီး၊အမှတ်(၄၉၃)နေ ဒေါ်အေးမြင့်၏သားကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပါက်ကံမြို့သစ်နေ ဦးရွှေလွန်း-ဒေါ်ကြင်လှတို့၏သားသမက်၊ပဲခူးမြို့၊ ဘုရားကြီးကျေးရွာနေ ဦးကြည်-ဒေါ်ညွန့်ရွှေတို့၏တူ၊ဒေါ်လှဲ့လှဲ့ဝင်း၊ ကိုဇော်ဝင်း-မတိုးလွင်၊ ကိုလှထွန်း၊ မခင်ဆွေဝင်း၊ ကိုမျိုးဇော်လင်း၊ ကိုမျိုးဇော်မင်း၊ဗိုလ်မှူးအောင်ဆွေမြင့်-ဒေါ်ဝင်းဝင်းမြင့်၊ ဗိုလ်မှူးသိန်းထိုက်ဦး-ဒေါ်သန်းသန်းဝေ၊ကိုအောင်ထွေးမြင့်-မဝင်းဝင်းသန်းတို့၏ အစ်ကို၊ မမေဇွန်သန်း (တတိယတန်း-H,TTC)၏မွေးသဖခင်၊ ဒေါ်သန်းသန်းရွှေ (အလက ၃၊မင်္ဂလာဒုံ)၏ချစ်လှစွာသော ခင်ပွန်းသည် ၃၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။)

၆-၅-၂၀၀၄ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်အုန်းညွန့်(၉၄)နှစ်

(ကန်တော်ကလေး)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး၊ (၈၉)လမ်း၊ အမှတ်(၂၃)နေ (ဦးဘိုးရင်-ဒေါ်ဒွန်း) တို့၏သမီး၊(ဦးချစ်တင်)၊(ဒေါ်အေးညွန့်) တို့၏ညီမ၊ (ဦးသိန်းမောင်-ဒေါ်ခင်ညွန့်) တို့၏ အစ်မ၊ ဦးသောင်းတင်-ဒေါ်ခင်သန်းနွဲ့၊ ဦးလှမြင့်-ဒေါ်မြင့်ရီ၊ ဒေါ်ခင်မာကြည်၊(ဦးကျော်စိန်)-ဒေါ်ခင်အုန်းရီ၊ (ဦးသိန်းညွန့်)၊ ဦးကျော်ဇော-ဒေါ်သိန်းသိန်းဆင့်၊ ဦးစိုးဝင်းထွန်း-ဒေါ်သန်းသန်းအေး၊ ဦးစန်းဖေ-ဒေါ်လှလှသိန်း၊ ဒေါ်နွယ်နွယ်၊ (ဦးချစ်ကိုကို)-ဒေါ်ရီရီနွဲ့ တို့၏ ကြီးမေကြီး၊ မြေး ၂၁ယောက်တို့၏ဘွားဘွားကြီးသည် ၃၀-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၅-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်တင့် (၈၇)နှစ်

အင်းစိန်မြို့နယ်၊မြူနီစီပါယ်ဥက္ကဋ္ဌဟောင်း

ရန်ကုန်တိုင်း၊အင်းစိန်မြို့နယ်၊ဈေးခေါင်းကြီး (ဦးဘိုးစိုး-ဒေါ်ငြိမ်းအေး)တို့၏ သား၊ အင်းစိန်မြို့မင်းကြီးလမ်း၊ မေတ္တာမွန်လမ်းသွယ်အမှတ်(၁)နေ ဒေါ်ကြည်စိန်(အစာ)၏ခင်ပွန်း၊ မောင်ကျော်သုခ-မခင်ချိုကလျာဦး၊ မောင်တင့်ထူးနိုင်၊ မတင့်လှလှထူး၊ မောင်ရန်အောင်မျိုး၊ မခိုင်မီမီဖူး၊ မောင်ဥက္ကာထွန်း၊ မဇင်မေထူး၊ မထက်ဧရာ၊ မခိုင်သီတာထွန်း၊ မောင်ထက်အာကာ၊မောင်စိုးသူဇင်တို့၏ အဘိုးသည် ၂၉-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁-၅-၂၀၀၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမြေးများ။

ဒေါက်တာချစ်ကိုကို

အသက်(၅၀)

မူးယစ်ဆေးစွဲနှင့်

စိတ်ပိုင်းဆိုင်ရာအထူးကုဆရာဝန်ကြီး

ရန်ကုန်မြို့နေ ဦးလှဖေ-ဒေါ်မြရွှေ တို့၏သား၊ ရန်ကုန်မြို့၊ တိုက်(၂၆/၁)၊ အခန်း(၀၀၁)၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးကျော်သန်း-ဒေါ်ရီတို့၏ သားသမက်၊ (ဒေါ်မြစိန်)၊ဦးခင်ဖေ၊ဦးတင်ဖေ၊ ဒေါ်သန်းနွဲ့၊ ဦးကြည်ဖေ၊ ဒေါ်ခင်မြတ်လှ၊ ဦးရင်ဖေ၊ ဦးခင်မောင်ရီ၊ ဦးခင်မောင်ဖြူတို့၏ ညီ/မောင်၊ဦးမြတ်ဦး-ဒေါ်ဝင်းဝင်းသန်းတို့၏ အစ်ကို၊ တိုက်(၂၆/၃)၊ အခန်း (၁၀၃)၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ရီရီသန်း၏ ခင်ပွန်း၊ မခိုင်ကိုကို၊ မောင်ကောင်းကိုကို တို့၏ဖခင်သည် ၃၀-၄-၂၀၀၄ရက်တွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂-၅-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးလှမောင် (၈၆)နှစ်

အထက(၁) ဗန်းမော်(ငြိမ်း)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊(၈)ရပ်ကွက်၊ နဝရတ်(၁၁)လမ်း၊ အမှတ်(၈၈)နေ ဒေါ်ထွန်းမေ၏ခင်ပွန်း၊ မန္တလေးမြို့၊ ပုတ်တန်းရပ်နေ (ဦးဘိုကြီး-ဒေါ်မိန်းကလေး)တို့၏သားကြီး၊ ဦးအုန်းဖေ၊ ဦးလှဘော်၊ ဒေါ်သိန်းတို့၏ အစ်ကို၊ ဗန်းမော်မြို့၊ ကုက္ကိုတောရပ်ကွက်နေ ဦးခင်မောင်ဦး-ဒေါ်ရွှယ်ဆန်း၊ ဒေါ်ခင်မြတ်မိုး၊ဦးအောင်မင်း(မြို့နယ်တရားသူကြီး ဒိုက်ဦး)- ဒေါ်ခင်မြတ်နှင်း (သာကေတဆေးရုံ)၊ ဦးဇော်မျိုးသန့်-ဒေါ်ခင်မြတ်စိုး (Myanmar Frig Con Company)၊ရဲအုပ်ကျော်လွင်(စခန်းမှူး၊ သတင်းတပ်ဖွဲ့စစ်ကိုင်း)-ဒေါ်လှမြတ်နွေ၊ ဦးသောင်းစိုး မင်း(SAE သီပေါ)-နန်းစုမြတ်မွေး၊ ဦးမြတ်သိန်း၊ ဦးလှမင်းထွန်း-ဒေါ်သူဇာအောင်၊ ဒေါက်တာတင်ဇော်မိုး(မြောက်ဥက္ကလာပ ဆေးရုံကြီး)-ဒေါ်လှမျိုးသူဇာဥမ္မာထွန်းတို့၏ ဖခင်ကြီး၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၂၉-၄-၂၀၀၄ရက် နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်ပါ၍ ယင်းနေ့ ညနေ ၃း၃၀နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်မြင့်မြင့်(၈၁)နှစ်

(ကြို့ပင်ကောက်မြို့)

(ဦးစံ-ဒေါ်အုံးစိန်)တို့၏ သမီး၊ရန်ကုန်မြို့၊ တိုက်(၁၄)၊ အခန်း(၁)၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာနေ(ဦးမောင်မောင်ကြီး)၏ညီမ၊ (ဦးအေးကို)၊ (ဒေါ်ဝင်းကြည်)တို့၏အစ်မ၊ ဦးမိုးကျော်-ဒေါ်ရွှေစင်ဦးတို့၏မိခင် မောင်ခန့်ဇော်နိုင်၏ အဘွားသည် အထက်ပါ နေအိမ်၌ ၃၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂-၅-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြသက်(၆၃)နှစ်

မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နေ (ဦးဖြူတုတ်-ဒေါ်ပိုးမျှင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ၁၅(စီ)၊ ၁၆၂လမ်း၊ တာမွေမြို့နယ်နေ ဦးဖေစိုး-ဒေါ်အေးမြင့်တို့၏ ညီမ၊ ကျောက်ပန်းတောင်းမြို့နေ ဦးဝင်းတင်-ဒေါ်ညွန့်တင်တို့၏ အစ်မ၊ ကိုသန်းလေးထွန်း-မမြင့်မြင့်ရီ၊ ကိုအောင်စိုးမြင့် (Mdic Co.Ltd)-မဖြူဖြူ၊ ကိုအောင်စိုးမင်း-မမာမာဝင်းသူ၊ ကိုဆန်းထွန်း-မဝါဝါစိုး၊ ကိုသန်းမင်းအောင် (MITT)- မအေးအေးဝင်း၊ ကိုတင်အောင်-မမြတ်မြတ်စိုး၊ မမေသွယ်စိုး(ဟိုတယ်/ခရီး)၊ မမေသန္တာစိုး (ကကင္ဘေ)၊ အိသူဇာစိုး (Trader Hotel)၊ အိစန္ဒာစိုး၊ အောင်ကိုကိုဝင်း-လှလှမိုး၊ မောင်ဖြိုးမောင်မောင်ဝင်းတို့၏ အဒေါ်၊ မြေး ၁၃ယောက်တို့၏ အဘွားသည် ၃၀-၄-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၅-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးဥတ္တမသီရိ(ခ) ဦးအောင်ညွန့်(တောင်ငူ)

(အောင်ရေဒီယို)

သိက္ခာတော်(၁၅)ဝါ၊ သက်တော်(၉၃)နှစ်

မော်လမြိုင်မြို့၊ ဒိုင်းဝန်းကွင်းရပ်နေ (ဦးရွှေဝင်း-ဒေါ်ရင်ရင်)တို့၏ သား၊ ရန်ကုန်မြို့၊အမှတ်(၁၅၈)၊ဗိုလ်ဆွန်ပက်လမ်းနေ ဒေါ်မို့မို့၊ မမိုးပုလဲအောင်၊ မောင်စိုးမိုးဝင်းအောင်၊ ဒေါ်မြညွန့်(ခ) ဒေါ်အမာတို့၏ မွေးသဖခင်၊ တောင်ငူမြို့၊ စွယ်တော်ကုန်း၊ မိုးကုတ်ဝိပဿနာ ရိပ်သာနှင့် ရန်ကုန်မြို့၊ ရေဦးကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ဦးဥတ္တမသီရိ(ခ)ဦးအောင်ညွန့်သည် ၂၉-၄-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁-၅-၂၀၀၄(စနေနေ့) မွန်းလွဲ၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများက မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းအမကြီး

ဒေါ်ခင်ရီ (၈၄)နှစ်

(ကျိုက်လတ်)

ကျိုက်လတ်မြို့နေ (အမျိုးသားကျောင်းဆရာကြီး ဦးဘကျော်-ဒေါ်ဒီ) တို့၏သမီး၊ (ဦးသာဘော်-ဒေါ်ကျော့) တို့၏သမီးချွေးမ၊ (ခ/၄၁)၊ဘုရင့်နောင်လမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးဘညွန့်-စာရေးဆရာမောင်စည်သူ)၏ဇနီး၊ (ဦးလှဦး-ဒေါ်ခင်ခင်)တို့၏ညီမ၊ ဦးမျိုးညွန့်-ဒေါ်တင်ညို၊ ဒေါ်သန်းနှစ်တို့၏အစ်မကြီး၊ ဦးစိုးမြင့်(ပဒေသာ စားသောက်ဆိုင်လုပ်ငန်း)-ဒေါ်ခင်အေးမူ၊ဦးခင်ဇော်-ဒေါ်သိန်းသိန်းမြင့်၊ ဦးခင်မော်-ဒေါ်ကေသီညွန့်၊ ဒေါ်မိမိခင်၊ဦးဌေးနိုင်-ဒေါ်မြင့်မြင့်သန်း၊ဒေါက်တာမြင့်စော-ဒေါ်အေးအေးစု၊ ဦးရေမွန်ကြည်စိုး -ဒေါ်ဖြူဖြူတို့၏မိခင်၊ မမေသက်ခိုင်၊ မရွှေအိန်နှင်း၊ မောင်ဇေယျာစိုး၊ မောင်နေထူး၊ မအေးမြသူ၊ မောင်ကျော်စည်သူ၊ မကျော့မေခိုင်-မောင်ဌေးလှိုင်ဝင်းတို့၏ အဘွားသည်U.S.A စံတော်ချိန် ၂၇-၄-၂၀၀၄(အင်္ဂါနေ့) ညသ၁း၅၅နာရီ တွင် U.S.A Losanglesမြို့၌ ကွယ်လွန်ပါ၍ ၁-၅-၂၀၀၄ (စနေ နေ့)ညနေ၃နာရီတွင် Losangles၌ သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး၊ နတ်လမ်း၊ အုတ်တံတိုင်းနှင့် ရဟန်းဒါယိကာမကြီး

ဒေါ်တင်ညွန့် (၈၁)နှစ်

(ပုဂံတောင်ရွာ)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊အမှတ်(၂၄၄)၊မာန်ပြေ(၆) လမ်းနေ (ဦးပု-ဒေါ်စောခင်)တို့၏သမီး၊ ဦးသိန်းဟန်(လယ်/သစ် ဒုတိယဝန်ကြီး၊ ငြိမ်း)၏ဇနီး၊ မနှင်းသွယ့်သွယ့်ခိုင် [Ph.D (dissertation)] နည်းပြ-သမိုင်းဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်]၊ မဝတ်ရည်ထွန်း၊ မောင်သူရိန်စိုးခိုင်-မအေးအေးမွန်၊ ဗိုလ်ကြီးအုပ်စိုးထွန်း၊ ဗိုလ်ပြည့်ဖြိုးထွန်း၊ မလဲ့လဲ့စိုးနိုင် (ဆည်မြောင်းဦးစီးဌာန)၊ မအိဇာခြည်ထွန်း၊ မမေသူစိုးနိုင် (1st Yr B Tech. EP)၊ မောင်လင်းထက်နိုင် (3rd MB.IM-2)၊ မောင်ပြည့်ဇော်ငြိမ်း၊ မောင်ရဲလင်းသန့်တို့၏ အဘွား၊ သားငယ်လေး၏ ဘွားဘွားကြီးသည် ၂၉-၄-၂၀၀၄ရက်တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃-၅-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမြေးတစ်စု။

ဒေါ်သန်းအေး

အသက်(၅၅)နှစ်

စာပေဗိမာန် (ငြိမ်း) ရှားပင်ကွေ့ရွာ၊ မင်းလှမြို့

(ဒေါ်ရှမ်း)၏သမီးချွေးမ၊ ပဲခူးတိုင်း၊ မင်းလှမြို့၊ ရှားပင်ကွေ့ရွာနေ (ဦးကျော်လှ-ဒေါ်မျှင်)တို့၏သမီး၊ အမှတ် (၁၃)၊ ဝေဠုဝန် (၆) လမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးကြည်ဝင်း၏ဇနီး၊ မင်းလှမြို့၊ ရှားပင်ကွေ့ရွာနေ ဦးအုန်းလှ-ဒေါ်ခင်ညွန့်၊ (ဦးကြင်ဟန်-ဒေါ်တင်ဝင်း)၊ ဦးကျော်ခင်၊ ဒေါ်စန်း၊ ဦးအေးချို-ဒေါ်သန်းလေး၊ ဒေါ်တင်တင်လှတို့၏ ညီမ၊ ကိုဝင်းသူ(ခ) ကိုရွှေသွေး (PMG Co. Ltd)- မသီတာထွေး၊ကိုမောင်မောင်ကျော်သူ (Golden Flower Co.,Ltd အင်းစိန်ဂိုဒေါင်)-မအေးအေးခိုင်(ခ)မအိအိခိုင်တို့၏ မိခင်၊ မမေမြတ်သူ၊ မောင်ကျော်ဇင်သန့်တို့၏ အဘွားသည် ၃၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂-၅-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေး တိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချစ်ရင်

အသက်(၇၉)နှစ်

(ကျိုက်ထို)

မွန်ပြည်နယ်၊ ကျိုက္ကော်မြို့နယ်နေ (ဦးလှိုင်ဟွန်း-ဒေါ်တိုက်စိန်) တို့၏ သားကြီး၊ ကျိုက်ထိုမြို့၊တောင်သူစုရပ်၊ သဇင်လမ်း၊ အမှတ်(၁၆၁)နေ ဒေါ်ထိုက်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရင်ဖီ-(ဒေါ်အုန်းစိန်)၊(ဦးခင်မောင်-ဒေါ်ရီ)၊ ဦးဆန်းဝေး၊ ဦးသိန်းစိုး-ဒေါ်ခင်မာ၊ ဦးအောင်လွင်-ဒေါ်ခင်ဌေးဝင်းတို့၏ အစ်ကိုကြီး၊ ဦးစိုးဝင်း-ဒေါ်မွှေးမွှေး၊ဦးခင်စိုး-ဒေါ်တိုးတိုး၊ ဦးမြင့်အောင်-(ဒေါ်ခင်မမ)၊ ဒေါ်ခင်ဖီ မွေး၊ ဗိုလ်မှူးသန်းအောင်-ဒေါ်ခင်ခင်ထွေး၊ ဒေါ်ခင်ဌေး၊ ဦးမျိုးဝင်း-ဒေါ်ခင်ခင်ဝင်း တို့၏ဖခင်၊မြေးကိုးယောက်တို့၏အဘိုး ဦးချစ်ရင်သည် ၃၀-၄-၂၀၀၄(သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂-၅-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ကျိုက်ထိုမြို့ တရုတ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမ

ဒေါ်နွယ်နွယ်မြင့် (၆၂)နှစ်

(ညောင်တုန်း)

ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊အမှတ်၂၈၊တတိယထပ်၊ ၂၄လမ်းနေ (ဗိုလ်ကြီး ထွန်းရီ)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီး ညိုစော-ဒေါ်စမ်းစမ်းအေး(အကောက်ခွန်)၊ ဦးဆုတင်-ဒေါ်စိုးစိုးရီ၊ ဒေါ်မိုးမိုးရီ၊ ဦးစံလင်းသိန်း-ဒေါ်သူဇာထွေး(မေသဥ္ဇာဦး)၊ မကေသီနွယ်၊ ကိုရန်ကင်း-မသန္တာသီဂီတို့၏ ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက် တို့၏အဘွား ဒေါ်နွယ်နွယ်မြင့်သည် ၃၀-၄-၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၅-၂၀၀၄ရက် နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဆရာမကြီးဒေါ်နှင်းယဉ်

အသက် (၉၂)နှစ်

အင်္ဂလိပ်စာဌာန (ငြိမ်း)

(ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်)

(ကျောက်ဖြူ)

ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၊ နှင်းဆီဆောင်နေ(ဦးမောင်မောင်-ဒေါ်မမကြီး)တို့၏သမီး၊ (ဦးလှထွန်း- နယ်မြေအင်ဂျင်နီယာဌာန၊ ရန်ကုန် တက္ကသိုလ်၊ ငြိမ်း)၏ဇနီး၊ ဦးတင်ဖေ-ဒေါ်ဖွားမေ တို့၏ အစ်မ၊ ဗိုလ်မှူးသီလ(လေ၊ငြိမ်း)၊ ဒေါ်ခင်ဆွေလှ၊ ဦးနေထွန်း(E.O) - ဒေါ်ခင်သန်းစင်(တွဲဖက်ပါမောက္ခ၊ UDE)၊ ဦးရဲထွန်း(ရေယာဉ်မှူး၊ မွေးရေ-ငြိမ်း)- ဒေါ်ခင်မေသန်း၊ဒေါ်ခင် မေလှ(ပါမောက္ခ၊ ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ အဆောင်မှူး-နှင်းဆီဆောင်)၊ဒေါက်တာဝင်းထွန်း - ဒေါက်တာလှိုင်လှိုင်အေး(အဖွဲ့ခေါင်းဆောင်၊ ခုခံကျ/ ကလတ၊ တ/၃)၊ (ဦးကျော်ထွန်း)-ဒေါ်တင်တင်ဌေး (မော်ကွန်းထိန်း-၂၊ယဉ်ကျေးမှုတက္ကသိုလ်)တို့၏ မိခင်၊ မြေး ၁၀ယောက်၊မြစ် တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၄-၂၀၀၄ရက် တွင် မဟာမြိုင်အထူးကုဆေးခန်းတွင် ကွယ်လွန်ပါ၍ ၁-၅-၂၀၀၄(စနေနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နှင်းဆီ ဆောင်မှကားများ မွန်းလွဲ ၂း၃၀ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း ဒါယကာကြီး

ဦးပန်းမြ (၉၂) နှစ်

(ဒလမြို့)

ဒလမြို့၊ လယ်ကိုင်း ပရိယတ္တိ စာသင်တိုက် ဆရာတော် ဦးအာဒိစ္စဝံသ ၏ ရဟန်းဒါယကာကြီး၊ ဦးကျော်ဝင်း၊ ဦးရဲအေး၊ ဒေါ်ထားရင်၊ ဒေါ်ထားတင် တို့၏ အစ်ကို၊ ဒလမြို့၊ မြို့မ(၂)ရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်(၃၆)နေ ဒေါ်ထားခင်၏ ခင်ပွန်း၊ ဦးထွဏ်း-ဒေါ်ခင်ဆွေမြင့်၊ ဦးအောင်မြင့်-(ဒေါ်ရင်မြ)၊ ဦးဘုန်းကျော်-ဒေါ်စိန်စိန်၊ ဦးဘုန်းမော်-ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်မြင့်မြင့်စိန်၊ ဦးဘုန်းဇော်-ဒေါ်လှလှအေး၊ ဦးဘုန်းနိုင်၊ ဦးဘုန်းပိုင်-(ဒေါ်ဝင်း)၊ (ဦးဘုန်းကြွယ်)၊ ဦးတင်ဝင်း-ဒေါ်ခင်ထွေးယု၊ ဦးခင်မောင်ကြူ-ဒေါ်ခင်နှင်းရီ၊ ဦးအောင်မျိုး-ဒေါ်စုစုထွေးတို့၏ ဖခင်ကြီး၊ မြေး၂၅ယောက်တို့၏ အဘိုး၊ မြစ် ၁၃ ယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၃၀-၄-၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၅-၂၀၀၄(တနင်္ဂနွေနေ့) ညနေ၃နာရီ တွင် သပြေကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဦးအောင်မင်း(၄၇)နှစ်

(စစစ၊ အငြိမ်းစား)၊(ဖိုးခွားကြီးဗွီဒီယို)

ရန်ကုန်မြို့၊ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားရှေ့နေ ဦးခင်ညွန့်-ဒေါ်သန်းရှင် တို့၏ သားကြီး၊ ဘားအံမြို့၊ (၄)ရပ်ကွက်၊ အင်ကုန်းလမ်း၊ အမှတ် ၁/၁ ဝန်ထမ်းအိမ်ရာနေ ဦးတင်ထွန်းအုံ-ဒေါ်စန်းမြင့် တို့၏ သားသမက် ဒေါ်စန္ဒာထွန်းအုံ၏ ခင်ပွန်း၊ကိုသန်းလွင်၊ ကိုတင်ထွန်း၊ ကိုခင်ဇော်၊ မအေးအေးသန်းတို့၏ အစ်ကိုကြီး၊ မောင်အောင်မြတ်မင်း၊ မောင်ထက်အောင်မင်း၊ မောင်မြတ်မင်းသစ်၊ မောင်ထက်လင်းမင်းတို့၏ မွေးသဖခင် ဦးအောင်မင်းသည် ၂၉-၄-၂၀၀၄(ကြာသ ပတေးနေ့)တွင် ကွယ်လွန်ပါ၍ ၁-၅-၂၀၀၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် ဘားအံမြို့ စက်ပစ်ကွင်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်နှင်းကြွေ (၉၃)နှစ်

(တလိုင်းကန်)

မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်၊ တလိုင်းကန်ကျေးရွာနေ ဦးသန်းမောင်-ဒေါ်ရီ၊တကကစန်းလွင်(ငြိမ်း)-ဒေါ်တင်တင်ဝင်း၊ (ဦးကြည်အောင်)-ဒေါ်ဖွားမြိုင်၊ ဦးကျော်ဝင်း-ဒေါ်တင်ဆွေ၊ ဦးကျော်ငြိမ်း-ဒေါ်ဖွားဆိုင်၊ ဦးကျော်မင်း-ဒေါ်အမာစိန်၊ မအုံးမြိုင်တို့၏ မိခင်၊ မြေး၃၀ယောက်တို့၏ အဘွား၊မြစ် ၁၀ယောက်တို့၏ဘွားဘွားကြီးသည်တလိုင်းကန်ကျေးရွာနေအိမ်၌ ၂၉-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁-၅-၂၀၀၄ရက် ညနေတွင် တလိုင်းကန်ကျေးရွာ သုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းအမကြီး

ဒေါ်ခင်ရီ (၈၄)နှစ်

(ကျိုက်လတ်)

ကျိုက်လတ်မြို့နေ (အမျိုးသားကျောင်းဆရာကြီး ဦးဘကျော်-ဒေါ်ဒီ) တို့၏သမီး၊ (ဦးသာဘော်-ဒေါ်ကျော့) တို့၏သမီးချွေးမ၊ (ခ/၄၁)၊ ဘုရင့်နောင်လမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးဘညွန့်-စာရေးဆရာမောင်စည်သူ)၏ဇနီး၊ (ဦးလှဦး-ဒေါ်ခင်ခင်)တို့၏ ညီမ၊ ဦးမျိုးညွန့်-ဒေါ်တင်ညို၊ဒေါ်သန်းနှစ်တို့၏အစ်မကြီး၊ ဦးကျော်သိန်း-ဒေါ်စန်းစန်းရီ၊ ဦးမောင်မောင်ကြီး-ဒေါ်မြမြမူ၊ဦးဇေယျ-ဒေါ်မြမြဝင်း၊ (ဦးသန်းဌေး)၊ ဒေါ်လှရီ၊ ဦးမျိုးဇော်-ဒေါ်သန္တာ၊ (ဦးအောင်သိန်းစိုး)-ဒေါ်သီတာ၊ (ဦးတင်စော-ဒေါ်ဝင်းဝင်းဦး)၊ဦးထိုက်အောင် ဒေါ်သင်းသင်းဦး၊ ဒေါ်အေးသန်းတို့၏ ကြီးကြီးဒေါ်ခင်ရီသည် U.S.A စံတော်ချိန် ၂၇-၄-၂၀၀၄ (အင်္ဂါနေ့) ည ၁၁း၅၅နာရီတွင် U.S.A Losanglesမြို့၌ကွယ်လွန် ပါ၍ ၁-၅-၂၀၀၄(စနေနေ့)ညနေ ၃နာရီ တွင် Losangles၌ သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းအမကြီး

ဒေါ်လှရီ (၅၉)နှစ်

(ဒဂုံမြို့သစ်တောင်ပိုင်း)

သဃ်န်းကျွန်းမြို့နယ်၊စံပြ(၈)လမ်း၊ ဂိတ်အမှတ်(၈)နေ (ဦးထွန်းရှိန်)-ဒေါ်အုံးမြတို့၏ သမီးကြီး၊ (ဦးစိုးမောင်)၏ဇနီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက် စံပြ(၈)လမ်း အမှတ်(၈)နေ ဦးတင်အေး-ဒေါ်မြိုင်၊ မင်္ဂလာဒုံဝါယာလက်တောတိုက် ကျောင်းနေ ဦးအေးကို-ဒေါ်သန်းသန်းစိန်၊ အမှတ်(၆)သစ်စက်နေ ဦးသိန်းမြင့်၊ ဦးသန်းညွန့်-ဒေါ်အေးအေးမြင့်တို့၏ အစ်မ၊ ရွှေပြည်သာမြို့နယ်၊ သာခုကန်ကျေးရွာနေမောင်စိုးမင်း-မကောက်ကောက်၊ အောက်ပုဇွန်တောင်နေ မောင်မာမူကြီး-မခင်ခင်ဝင်း၊ ရွှေပြည်သာမြို့နယ်နေ မောင်အောင်စိုး-မအုံးစန်း၊ ဒဂုံတောင် (၇၁)ရပ်ကွက်နေ ကိုသန်းထွဋ်-မမြင့်မြင့်စန်း၊ ဒဂုံတောင်(၁၀၇)ရပ်ကွက် အမှတ် (၁၂၃၉/က) မြဝတီမင်းကြီးလမ်းနေ မောင်ရန်နိုင်စိုး၊ မောင်အောင်သူ-မစိုးစိုးမြင့်၊ မောင်အောင်ကျော်စိုး-မအေးအေးအောင်၊ မောင်စိုးမင်း ထိုက်၊မောင်မျိုးခိုင်၊ ကိုသက်တင်-မအေးသီတာမိုး၊ ကိုဇော်မျိုးနိုင်-မအေးစန္ဒာမျိုး၊ မနီလာစိုးတို့၏မိခင်၊ မြေး၁၃ယောက်တို့၏ အဘွားသည် ၂၈-၄-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၂-၅-၂၀၀၄(တနင်္ဂနွေနေ့)မွန်းလွဲ၂နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် စံပြဆေးရုံကြီးမှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလ လမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၇၂၊စာတည်းများ၂၉၂၈၇၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များကို အားပေးပျိုးထောင်နေ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို နည်းလမ်းအသွယ်သွယ်ဖြင့် အကောင်အထည်ဖော်ပေးလျက်ရှိ စပါး၊ ဝါ၊ ကြံနှင့် ရော်ဘာတို့ကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် သယ်ဆောင်ရောင်းဝယ်ခွင့်ပြုထား လုပ်ငန်းများကို မှန်မှန်ကန်ကန် မျှမျှတတ ဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၀

ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆီအုန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် ညှိနှိုင်းရန် ခေါ်ယူသည့် အစည်းအဝေးဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့်စိုက်ပျိုးထုတ်လုပ်သူများအတွက်ရော၊နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းသကဲ့သို့ နိုင်ငံတော်၌ တည်ငြိမ်သည့် စီးပွားရေးပတ်ဝန်းကျင်၊ ခိုင်မာသည့် ဈေးကွက်နှင့် ဖွံ့ဖြိုးတိုးတက်သည့် စီးပွားရေးစနစ်တို့ ဖြစ်ပေါ်လာစေမှာဖြစ်ကြောင်း။

ကဏ္ဍစုံဘက်စုံတိုးတက်ရန်

တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်မှာ ကဏ္ဍစုံ ဘက်စုံမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် အရေးကြီးဆုံးဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ ဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည်လည်း ဆက်စပ်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် ကုန်ထုတ်လုပ်မှုနယ်ပယ်၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြသော တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည်လည်း များစွာ အရေးကြီးပါကြောင်း။

လမ်းညွှန်မှာကြားချက်

တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအနက် လယ်ယာလုပ်ငန်းရှင်များနှင့် ဆက်စပ်နေသည့် အချို့သော အချက်များကို ပြန်လည်ကောက်နုတ်တင်ပြရလျှင် နိုင်ငံတော်အကြီးအကဲက **“လယ်ယာကုန်ထုတ်လုပ်မှုလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်လာနိုင်ရေး၊ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု သိသိသာသာ တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဧက ထောင်၊ သောင်းရှိသော ခေတ်မီလယ်ယာလုပ်ကွက်ကြီးများ ပေါ်ထွက်လာရန်လိုကြောင်း။”**

“ထို့ကြောင့် အရင်းအနှီးနှင့် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု အတတ်ပညာရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် ရေနက်ကွင်းများ၌ ရင်းနှီးစိုက်ပျိုးလုပ်ကိုင်လာစေရန် အားပေးနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး အင်အားစုအသစ်များ (National New Economic Forces) **အဖြစ် ဖိတ်ခေါ်၍ လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံစေခဲ့ခြင်းဖြစ်ကြောင်း။”**

“တောင်သူလယ်သမားများနေထိုင်ရာ ကျေးလက်ဒေသများမှာလည်း ယင်းခေတ်မီ လယ်ယာလုပ်ကွက်ကြီးများနှင့် ဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း” စသည်ဖြင့် မိန့်ကြားလမ်းညွှန်ခဲ့ကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❐

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ (၂/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၀

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ (၂/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွှန့်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသောင်းမြင့်နှင့် လုပ်ငန်းကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❁